# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၀၈)


## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်ကာပူနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၉

၂၀၀၇ခုနှစ် ဩဂုတ် ၉ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၂)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာအက်စ်အာနာသန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စင်ကာပူနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၉

၂၀၀၇ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၂)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

**ထားဝယ် လေယာဉ်ကွင်း ပြေးလမ်း**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ထားဝယ်လေယာဉ်ကွင်းပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)





# ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ထားဝယ်လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး ရေရှည်တည်တံ့ကောင်းမွန်ရေး တာဝန်ရှိသူအဆင့်ဆင့် စဉ်ဆက်မပြတ် ကြပ်မတ်စစ်ဆေးရန် မှာကြား

နေပြည်တော် ဩဂုတ် ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာ့လေကြောင်းခရီးဖြင့် တနင်္သာရီတိုင်း ထားဝယ်မြို့သို့ ရောက်ရှိရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ထားဝယ်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ထားဝယ်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ထားဝယ်လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းတာဝန်ခံအရာရှိ ဗိုလ်မှူးတင်အောင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အဆင့်ဆင့်ကို မြေပုံကားချပ်တို့ဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ●

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

9-8 (01) 1 8/9/07, 1:43 AM

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၉ ရက်)

# စည်းလုံးညီညွတ်သောအာဆီယံအဖြစ် ဆက်လက်ရပ်တည် အာဆီယံအသိုက်အဝန်းအဖြစ် ခိုင်မာစွာတည်ဆောက်

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တည်ထောင်မှု သမိုင်းမှတ်တိုင်အဖြစ် ယခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် အနှစ်(၄၀) ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင် ၂၃ ရက်က အာဆီယံသို့ဝင်ရောက်ခဲ့ရာ ယခု ၂၀၀၇ ခုနှစ်တွင် သက်တမ်း(၁၀)နှစ်ပြည့်မြောက်ခဲ့သည်။

အာဆီယံ၏ အဓိကရည်မှန်းချက်သည် ဒေသတွင်းနှင့် ပြင်ပဒေသများတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုများကို ပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် သက္ကရာဇ် ၂၀၂၀ မျှော်မှန်းချက်အရ အာဆီယံအသိုက်အဝန်းဆီသို့ စုစည်းပေါင်းစပ်ခြင်းဖြင့် ဆက်ဆံရေးတိုးမြှင့်ရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြသည်။

**အာဆီယံလုံခြုံရေး၊ အာဆီယံစီးပွားရေးနှင့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းတို့သည် အာဆီယံအသိုက်အဝန်းအတွက် အဓိကမဏ္ဍိုင်ကြီး သုံးရပ်ပင်ဖြစ်သည်။**

**အာဆီယံအသိုက်အဝန်း ဆောလျင်စွာအကောင်အထည်ဖော်ရန် အာဆီယံခေါင်းဆောင်များက ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် ထိပ်သီးညီလာခံတွင် အာဆီယံရည်မှန်းချက် သက္ကရာဇ် ၂၀၂၀ အစား ၂၀၁၅ သို့ ပြင်ဆင်သတ်မှတ်ရေး သဘောတူညီထားကြသည်။**

**အာဆီယံသည် ဆွေးနွေးဖက်နိုင်ငံများ၊ အခြားဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အာဆီယံဒေသဆိုင်ရာ ဖိုရမ်၊ အာဆီယံ+၃ နှင့် အရှေ့အာရှ ထိပ်သီးညီလာခံစသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းသစ်များ ပေါ်ထွန်းစေခဲ့သည်။**

**ယခုအခါ အာဆီယံအသိုက်အဝန်း ခိုင်မာစွာဖြစ်ထွန်းလာစေရေးအတွက် အာဆီယံ ပဋိညာဉ်စာတမ်းကိုလည်း ရေးဆွဲလျက်ရှိကြောင်း သိရသည်။ ယင်းစာတမ်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီး၏ လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်မည့် စာတမ်းဖြစ်သည်။**

**သို့ဖြစ်ရာ အာဆီယံထူထောင်သည့် အနှစ်(၄၀)ပြည့်မြောက်ချိန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ စည်းလုံးညီညွတ်စွာ ပိုမိုပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် အာဆီယံဒေသအတွင်း နေထိုင်သော ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသော အခွင့်အလမ်းကောင်းများ ပိုမိုရရှိဖြစ်ထွန်းလာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။**

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ပုသိမ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

ပုသိမ်အသင်း(ရန်ကုန်)ကကြီးမှူး၍ (၂၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၅ ရက်က ဗဟန်းမြို့နယ်ရှိ ဧရာဝတီတိုင်း ဓမ္မာရုံတွင်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသာဘိဝံသ အပါအဝင် ဆရာတော်ကြီး ၂၈ ပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ဆရာတော်ထံမှ သီလခံယူသည်။ ထို့နောက် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ချီးမြှင့်ပြီး ပုသိမ်အသင်းဝင် မိသားစုများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ပုသိမ်အသင်း (ရန်ကုန်)ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်း**(အပေါ်ပုံ)**နှင့်အမှုဆောင်အဖွဲ့ဝင်များ၊ ဂုဏ်ထူးဆောင်နာယကကြီးများ၊ အမှုဆောင် နာယကကြီးများနှင့် အသင်းဝင်များက သင်္ကန်းဒွိစုံ ၅၆ စုံတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းချ**

ထို့နောက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်း Teleport အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းခွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၈

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဩဂုတ် ၆ ရက် နံနက်က မန္တလေးတိုင်း ပြင်ဦးလွင်မြို့တွင် တည်ဆောက်လျက်ရှိသော ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းနယ်မြေရှိ Teleport အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များနှင့် တည်ဆောက်ရေးတာဝန်ခံများက ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် Teleport အတွင်း ပစ္စည်းတပ်ဆင်ရန် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။** (အပေါ်ပုံ)

ဝန်ကြီးက လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တည်ဆောက်ရေးရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ စည်ပင်သာယာရေးဦးစီးဌာနမှ စီမံကိန်းနယ်မြေအတွင်း ရေရရှိရေးဆောင်ရွက်ထားရှိမှု၊ သောက်သုံးရေဖြန့်ဝေရေးဆောင်ရွက်ထားရှိမှုနှင့် ရေဆိုးစွန့်ပစ်ရေး ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ လမ်းဖောက်လုပ်ရေး တာဝန်ခံများက ဆောင်ရွက်လျက်ရှိသော လမ်းဖောက်လုပ်ငန်းများကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေရေးလုပ်ငန်းမှ လျှပ်စစ်ဓာတ်အားပေးဝေရေးစနစ် တည်ဆောက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ကြီးကြပ်မှုကော်မတီဝင်များက ဖြည့်စွက်တင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အချိန်မီပြီးစီးရန် မှာကြားသည်။

**မှာကြား**

ဆက်လက်၍ ဝန်ကြီးသည် ပြင်ဦးလွင်မြို့ အနီးစခန်းတွင် တည်ဆောက်ဆောင်ရွက်လျက်ရှိသော အော်တိုအိတ်ချိန်း တည်ဆောက်တပ်ဆင်ရေးနေရာသို့ ရောက်ရှိလာရာ တာဝန်ခံ အင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေများ၊ စက်များတပ်ဆင်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက သတ်မှတ်ချိန်အတွင်း ပြီးစီးရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**အရည်အသွေး**

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်ရှိ အော်တိုအိတ်ချိန်း တည်ဆောက်ရေးနေရာသို့ ရောက်ရှိစစ်ဆေးရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှု အခြေအနေများ၊ ဆက်လက် ဆောင်ရွက်ရန်များကို တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အရည်အသွေး ကောင်းမွန်စွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၉-၈-၂၀၀၇**
**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြပဟန်ဂီတသံ |
| ၄:၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၂၅ | ၇။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၅:၃၀ | ၈။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၅:၃၅ | ၉။ | ရွှင်ကြည်ပြုံးစရာတေးကဗျာ |
| ၅:၄၀ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၂။ | နိုင်ငံတကာသတင်း |
| ၆:၂၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၆:၅၀ | ၁၄။ | လှုပ်လှုပ်ရှားရှားပုံရိပ်များ |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်းမုန့်** (အပိုင်း-၂၀) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | ကုန်သွယ်သုတ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သေကာံမရောက်** (အပိုင်း-၁၄) |

# စပါးသီးနှံအထွက်တိုးရေး အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုး
# ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်
# ခြံစည်းရိုးကြက်ဆူပင်ကို နိုင်ငံတော်သီးနှံအဖြစ် သတ်မှတ်စိုက်ပျိုး

နေပြည်တော် ဩဂုတ် ၈

**တနင်္သာရီတိုင်း ထားဝယ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ထားဝယ်တပ်နယ်မှ ဗိုလ်မှူးကြီးသန်းစိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၇ ရက်က ထားဝယ်မြို့နယ် ကနိုင်းဒါကျေးရွာရှိ ကွင်းအမှတ် ၁၃၆ တောင်သူဦးစီလင်း၏လယ်မြေနှင့် တောင်သူဦးသန်းစိန်တို့၏ လယ်မြေတို့၌ကျင်းပသည့် ထားဝယ်ခရိုင် မိုးစပါးစုပေါင်းစိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကား ပြောကြားသည်။**

## ရှင်းလင်းတင်ပြ

ရှေ့ဦးစွာ တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးတင်မောင်မြင့်က တနင်္သာရီတိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် တိုင်းအတွင်း ပန်းတိုင်အထွက်နှုန်း ဧရိယာ ဧက ၃၆၀၀၀ စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကား ပြောကြားရာတွင် တနင်္သာရီတိုင်းသည် ဒေသဆန်ဖူလုံရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၀၆-၂၀၀၇ခုနှစ်တွင် စပါးစုစုပေါင်း ၃၀၅ ဒသမ ၅၁သိန်း ထုတ်လုပ်နိုင်ခဲ့သဖြင့် ဝမ်းစာဖူလုံမှု ၁၂၅ ဒသမ ၆၂ရာခိုင်နှုန်းရှိခဲ့ပြီးဖြစ်ကြောင်း၊ ဝမ်းစာဖူလုံရုံသာရှိပြီး ပိုလျှံမှု မရှိသေးသောကြောင့် ၂၀၀၇-၂၀၀၈ခုနှစ်မှစ၍ စပါးပိုလျှံအောင် ရည်မှန်းချက်ထားပြီး ကြိုးပမ်းအကောင်အထည်ဖော် ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိုးစပါးကို ဧက ငါးသိန်းပြည့်မီအောင် တိုးချဲ့စိုက်ပျိုးကြရေး ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေးကိုလည်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်းကို မှာကြားလိုကြောင်း။

## ပြောင်းလဲစိုက်ပျိုး

စပါးသီးနှံ တစ်ဧကအထွက်နှုန်းတိုးရေး ဆောင်ရွက်သည့် နေရာတွင် ဒေသနှင့်ကိုက်ညီသော အထွက်ကောင်းစပါးမျိုးများ စိုက်ပျိုးကြရန် အရေးကြီးကြောင်း၊ ယခုတနင်္သာရီတိုင်း၌ ဆင်းသွယ်လတ် စပါးမျိုးသည် တစ်ဧကတင်း၁၀၀ကျော် ထွက်ရှိသည်ကို ပြီးခဲ့သည့်နှစ် အတွေ့အကြုံအရ သိရှိပြီးဖြစ်၍တစ်တိုင်းလုံးတွင်ရှိသည့် ရေတော်မိုးတော် စိုက်ဧရိယာများတွင် ကျယ်ကျယ်ပြန့်ပြန့် မျိုးပြောင်းလဲစိုက်ပျိုးရန် အထူးမှာကြားလိုကြောင်း။

ရေတော်မိုးတော် နေရာဒေသများတွင် မိုးစပါးပန်းတိုင်အထွက် ရရှိရေးဧကများ သတ်မှတ်ပြီး စနစ်တကျစိုက်ပျိုးသည်ကိုတွေ့ရသကဲ့သို့ အားရမိပြီး ရေတော်မိုးတော် ဧကများများရအောင် ချောင်းကော၊ မြောင်းကောများ တူးဖော်ခြင်း၊ ရေကြီးကွင်း၊ ရေနက်ကွင်းများကို ရေစီးဆင်းနိုင်အောင် ချောင်းမြောင်းတူးဖော်ပေးခြင်း၊ ရရှိသည့်ရေငန်နှန်းများကို လယ်ထဲ၌ထည့် သွင်းပြီး မြေယာထက်သန်အောင် ပြုပြင်ပေးခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်စီမံကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း မှာကြားလိုကြောင်း။

## စနစ်တကျသုံးစွဲ

ထို့အပြင် စပါးသီးနှံတွင် တစ်ဧကအထွက်နှုန်းတိုးတက်ထွက်ရှိရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို တာဝန်ရှိသူများပြောကြားသည့်အတိုင်း စနစ်တကျဖြင့် အပြည့်အဝထည့်သွင်းသုံးစွဲရေးကိုလည်း အထူးမှာကြားလိုကြောင်း။

ဒေသဆန် ဖူလုံပိုလျှံရေးအတွက် တစ်ဖက်မှ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရရော ဒေသလိုအပ်ချက် အရပါ ဆီထွက်သီးနှံများကို ယခုနှစ်မှစပြီး တိုးချဲ့စိုက်ပျိုးရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ အဆင့်ဆင့်က ယခုကတည်းက အစီအမံများရေးဆွဲဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များအနေဖြင့် မြို့နယ်အလိုက်၊ ခရိုင်အလိုက်၊ ဆီထွက်သီးနှံများစိုက်ပျိုးမည့် မြေနေရာရွေးချယ်ခြင်း၊ မျိုးစုဆောင်းခြင်း၊ ထွန်ယက်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ တောင်သူများကို ပညာပေးဆောင်ရွက်ခြင်းများ ကြိုတင်ပြင်ဆင်ထားရန် အလေးအနက် မှာကြားလိုကြောင်း။

## တစ်နိုင်တစ်ပိုင်

တနင်္သာရီတိုင်းသည် ဆီအိုးကြီးဖြစ်ရမည်ဆိုသည့် ရည်မှန်းချက်နှင့်အညီ ဆီအုန်းဧက ငါးသိန်းကိုလည်း နှစ်အလိုက် ရည်မှန်းထားသောဧကများအတိုင်းပြည့်မီကျော်လွန်အောင် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များက စိုက်ပျိုးရမည်ဖြစ်သကဲ့သို့ ရော်ဘာဧက နှစ်သိန်းပြည့်မီရေးအတွက်လုပ်ငန်းရှင်များအပြင် ကြွရောက်လာသည့် တောင်သူများက ခြံယာရှင်များအနေဖြင့်မြေလွတ်မြေရိုင်းများမှ တစ်နိုင်တစ်ပိုင် စိုက်ပျိုးပေးကြရန်လည်းတိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်အနေဖြင့် တွင်းထွက်လောင်စာဆီများနေရာတွင် အစားထိုးရန်အတွက် ဇီဝလောင်စာဆီထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူ သီးနှံကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် လူတိုင်းအား စိုက်ပျိုးရန် တာဝန်ပေးထားပြီးဖြစ်သည့်အတွက် မိမိတို့ သတ်မှတ်ပေးထားသော စိုက်ဧကများကို အပြည့်အဝ စိုက်ပျိုးပေးကြရန်လည်း အလေးအနက် မှာကြားလိုကြောင်း။

## အစွမ်းကုန်ကြိုးပမ်း

နိဂုံးချုပ်အနေဖြင့် တနင်္သာရီတိုင်းသည် ရေမြေသဘာဝအခြေခံကောင်းများနှင့်ပြည့်စုံသည့်တိုင်း ဖြစ်သည်နှင့်အညီ လယ်ယာကဏ္ဍပင်ဖြစ်ဖြစ်၊ သတ္တုကဏ္ဍ၌ပင်ဖြစ်ဖြစ် အဘက်ဘက်က တိုးတက်အောင် ဆောင်ရွက်နိုင်သည့် တိုင်းကြီးဖြစ်၍ မိမိတို့တွင်ရှိသည့် စွမ်းအားများကို အသုံးချပြီး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် အဖွဲ့ဝင်များသည် မိုးစပါးစုပေါင်းစိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။




**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို လောင်းလုံမြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့် ပျိုးကိုင်းများကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ထားဝယ်ခရိုင် မိုးစပါးစုပေါင်း စိုက်ပျိုးပွဲတွင် ပါဝင်စိုက်ပျိုးခဲ့ကြသည့်ကောက်စိုက်အဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## တက်ရောက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လောင်းလုံမြို့နယ်သို့ သွားရောက်၍ စခန်းကြီးကျေးရွာ ဥယျာဉ်ခြံ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ထားဝယ်ခရိုင် မန်နေဂျာ ဦးကျော်လှက စခန်းကြီးဥယျာဉ်ခြံ၌ သီးနှံပင်များ စိုက်ပျိုးထားရှိမှုနှင့် နှစ်အလိုက် ဆက်လက်စိုက်ပျိုးသွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မှာကြားရာ၌ ယနေ့ကမ္ဘာနှင့်အဝန်းတွင် တွင်းထွက် လောင်စာဆီများ ထုတ်လုပ်နိုင်မှုပမာဏ လျော့ကျလာသည်နှင့်အမျှ လောင်စာဆီ ပြဿနာများ ကြုံတွေ့နေကြရပြီဖြစ်ကြောင်း၊ ယင်းပြဿနာများ ပြေလည်အောင် နိုင်ငံအလိုက် ဇီဝလောင်စာဆီများ ထုတ်လုပ်နေသည့်နေရာတွင် မြန်မာနိုင်ငံသည် ရေမြေရာသီဥတုမရွေး စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်ကို နိုင်ငံတော်သီးနှံအဖြစ်သတ်မှတ်ပြီး တစ်နိုင်ငံလုံး၌ အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့်ဧရိယာသတ်မှတ်ပြီး အင်တိုက်အားတိုက် အားထုတ်စိုက်ပျိုးနေကြခြင်းဖြစ်ကြောင်း။

## တစ်အုပ်တစ်မစိုက်ခင်း

တနင်္သာရီတိုင်းသည် ခြံစည်းရိုးကြက်ဆူပင်ဧက ငါးသိန်းစိုက်ပျိုးရမည်ဖြစ်၍ နှစ်အလိုက်စိုက်ဧရိယာများ ခွဲဝေသတ်မှတ်ထားပြီးဖြစ်ရာတွင် ယခင်နှစ်က မျိုးစေ့၊ မျိုးကိုင်းကို ပြည်မက ဈေးကြီးကြီး မှာယူစိုက်ပျိုးရခြင်း၊ စိုက်ပျိုးမှုအတွေ့အကြုံ မရှိသေးခြင်းတို့ကြောင့် လျာထားချက် မပြည့်မီသည်ကို တွေ့ရကြောင်း။ ထို့ကြောင့် ယခင်နှစ်က တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များကို အသုံးချပြီး မိမိတို့ မြို့နယ်အလိုက်၊ ရွာအလိုက်၊ အိမ်ထောင်စုအလိုက်၊ တစ်ဦးချင်းအလိုက် တစ်ဦးချင်း စိုက်ခင်းများအဖြစ်လည်းကောင်း၊ တစ်အုပ်တစ်မစိုက်ခင်းများအဖြစ်လည်းကောင်း တာဝန်ယူစိုက်ပျိုးသွားကြရန် မှာကြားလိုကြောင်း။

ယနေ့မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက စခန်းကြီးဥယျာဉ်ခြံ၌ ခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မ စံပြဧက ၁၅၀စိုက်ပျိုးမည်ဖြစ်၍ ရရှိလာသည့် မျိုးစေ့၊ မျိုးကိုင်းများကို တိုင်းအတွင်း ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သဖြင့် မျိုးအခက်အခဲပြဿနာတစ်ခု ပြေလည်သွားမည်ဖြစ်သကဲ့သို့ မျိုးလုံလောက်သွားပြီဆိုလျှင် စံပြဇီဝလောင်စာဆီထုတ်လုပ်သုံးစွဲသည့် ခြံအဖြစ်လည်း ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း။

## စီမံဆောင်ရွက်

ထို့အပြင် ယခုလက်ရှိ ခြံစည်းရိုးကြက်ဆူပင် စနစ်တကျစိုက်ပျိုးမှု အခြေအနေ၊ အပင်ပြုစုမှုအခြေအနေ၊ အသီးကိုင်းများများရရှိရေးနှင့် အသီးများများသီးအောင် လုပ်နိုင်သည့်စနစ်များကို တောင်သူများနှင့် အဖွဲ့အစည်းများကို လက်တွေ့ပညာပေးပြသနိုင်မည်ဖြစ်၍ အလွန်ကောင်းသည့် အစီအစဉ်ဖြစ်ကြောင်း၊ နောက်ထပ်တိုးချဲ့စိုက်ပျိုးရန်နှင့် အခြားနှစ်ရှည်ခြံများတွင်လည်း အလားတူ တစ်အုပ်တစ်မ စိုက်ခင်းများ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်သွားရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်ရာ ဌာနဆိုင်ရာများကိုယ်စား လောင်းလုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်လှကလည်းကောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများကိုယ်စား စခန်းကြီးကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်ကလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ကိုယ်စား မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးသန့်စင်ထွေးကလည်းကောင်းလက်ခံကြသည်။

## ပျိုးပင်များပေးအပ်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦးက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တို့သို့ ခြံစည်းရိုး ကြက်ဆူပျိုးပင်များကို ပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့သည် ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့နှင့် ပျိုးကိုင်းများကို ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးတို့သည် ခြံစည်းရိုးကြက်ဆူပင်ကို အမှတ်တရစိုက်ပျိုးပေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက စခန်းကြီး ဥယျာဉ်အတွင်း ဧက ၁၅၀ ခြံစည်းရိုးကြက်ဆူများကို တစ်အုပ်တစ်မ စိုက်ပျိုးကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ကူညီဆောင်ရွက်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ အုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ပြည်သူများနှင့် ပူးပေါင်း၍ လက်တွဲဆောင်ရွက်ကြရေး၊ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကူညီဆောင်ရွက်ပေးကြရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စခန်းကြီး ဥယျာဉ်ခြံ၌ စိုက်ပျိုးထားသော သီးနှံပင်များနှင့် ပျိုးပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

## ထားဝယ်တက္ကသိုလ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ထားဝယ်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာရှင်းလင်းဆောင်၌ ထားဝယ်တက္ကသိုလ်၏ သင်ကြားရေးဆိုင်ရာများကို တာဝန်ခံပါမောက္ခချုပ် ဦးကျော်ကျော်ဌေးကလည်းကောင်း၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၃) အင်ဂျင်နီယာမှူး ဦးသိန်းစောက ထားဝယ်တက္ကသိုလ် တည်ဆောက်ရေး စီမံကိန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ Ever Green ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက ထားဝယ်တက္ကသိုလ် လေးထပ်ပင်မဆောင် ဆောက်လုပ်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦးက ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက သင်ကြားရေးနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းသည် သယံဇာတပေါကြွယ်ဝသည့်ဒေသတစ်ခုဖြစ်သည့်အလျောက် ယင်းသယံဇာတပစ္စည်းများကို သုတေသနပြုလုပ်၍ စာတမ်းဖတ်ပွဲများ၊ ပညာပေးပြပွဲများကို စုပေါင်းဆောင်ရွက် သွားကြစေလိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကိုလည်း သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ကြရေးအတွက် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၄ ကော်လံ ၁

9-8 (03) 1 8/9/07, 1:43 AM



# ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မလေးရှားနိုင်ငံမှဧည့်သည် လာရောက်တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မလေးရှားနိုင်ငံ MEASAT Satellite Systems Sdn. Bhd. မှ Advisor, Mr. Dato Ainuddin Noordin သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ထွေး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အင်ဂျင်နီယာချုပ် ဦးတင်ဝမ်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၃ မှ**

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများ၊ သရုပ်ပြများအား တွေ့ဆုံကာ ပညာသင်ကြားရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**မှာကြား**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ လေးထပ်ပင်မဆောင် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ထားဝယ်တပ်နယ်မှ ဗိုလ်မှူးကြီးသန်းစိုးတို့ လိုက်ပါလျက် ထားဝယ်မြို့ ရှင်ပင်ခရာဘုရား မေတ္တာဝိဟာရီဓမ္မဗိမာန်၌ ကျင်းပသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆက်ကပ်သည့် အလှူတော်ငွေများကို တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်ပြီး ထားဝယ်ခရိုင်အတွင်းရှိ ဆရာတော်ကြီး ၁၇ပါးတို့အား ဆက်ကပ်လှူဒါန်းသည့် အခမ်းအနားသို့တက်ရောက်၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

**သီလခံယူဆောက်တည်**

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ထားဝယ်မြို့ ယောသိတာရာမကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသထံမှပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

**လျှောက်ထား**

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ထားဝယ်တပ်နယ်မှ ဗိုလ်မှူးကြီးသန်းစိုးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား အလှူတော်ငွေနှင့် ဆန်၊ ဆီများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ဇေယျာဝတီကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသ ထံမှ ပရိသတ်တို့က ရေစက်ချ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

● **ရေဖုံးမှ**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ မှာကြားရာတွင် အရှည် ပေ ၁၂၀၀၀၊ အကျယ်ပေ ၁၀၀၊ ကွန်ကရစ် ၂၆ လက်မထုရှိ လေယာဉ်ပြေးလမ်းနှင့် ပေ ၆၀၀ x ပေ ၃၀၀ ရှိ လေယာဉ်ရပ်နားရန်တို့ကို တည်ဆောက်ပြီးစီးပြီးဖြစ်၍ လေဆိပ်ပိုမို စိမ်းလန်းစိုပြည်သပ်ရပ်သာယာလှပရေးအတွက်လည်း ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့လေကြောင်းတို့က ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပူးပေါင်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရေရှည် တည်တံ့ကောင်းမွန်ရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်တို့က စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ လေယာဉ်ကွင်းပြေးလမ်းကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လေယာဉ်ပြေးလမ်းတစ်လျှောက် ရေနုတ်မြောင်းများ စနစ်တကျတူးဖော်ထားရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ထားဝယ်တပ်နယ်မှ ဗိုလ်မှူးကြီးသန်းစိုးတို့လိုက်ပါ၍ ထားဝယ်မြို့ရှိ နယ်မြေခံတပ်ရင်း အောင်ဆန်းခန်းမ၌ ထားဝယ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် မှာကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ရာ ထားဝယ်တပ်နယ်မှ ဗိုလ်မှူးကြီးသန်းစိုးက လက်ခံပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

■ **ကျောက်ဖုံးမှ**

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)သို့ သွားရောက်ကြ၍ ယင်းဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေကြသော တောင်သူလယ်သမား ကိုယ်စားလှယ် ဦးသောင်းထွန်းနှင့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ဦးစောဘိုးဘွယ်တို့၏ ကျန်းမာရေး အခြေအနေများကို တွေ့ဆုံမေးမြန်းအားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးကာ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ပေးအပ်သည်။

**ထောက်ပံ့ငွေများပေးအပ်**

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ ရောက်ရှိကြပြီး အဆိုပါဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေကြသော တောင်သူလယ်သမား ကိုယ်စားလှယ် ဦးကပ္ပတီအယ်နှင့် ဦးသောင်းမွေး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် ဦးဝဒမ်းခေါင်ဒီးဇီနှင့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ် ဦးမောင်ကြီးတို့အား လည်းကောင်း၊ ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၅၀၀)သို့ ရောက်ရှိကြပြီး ဆေးဝါးကုသမှုခံယူနေသော နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ရွှေအားလည်းကောင်း တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများကို တွေ့ဆုံမေးမြန်းအားပေးစကား ပြောကြားကာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးပြီး အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ပေးအပ်သည်။ **(သတင်းစဉ်)**



**အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)တွင် ဆေးဝါးကုသမှု ခံယူနေကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ကြည့်ရှုအားပေးစကား ပြောကြားပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ပေးအပ်စဉ်။** (သတင်းစဉ်)

## နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း စင်ကာပူအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၉**

၂၀၀၇ခုနှစ် ဩဂုတ် ၉ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၂)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့၌ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ စင်ကာပူ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျော့ယိုးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

❒ *ကျောက်ဖုံးမှ*

**အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း မင်းဘူးမြို့နှင့် မကွေးမြို့တို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၇၀၀နှင့်ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအထက်တွင်ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။** (သတင်းစဉ်)

## လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်စာမေးပွဲ အောင်လက်မှတ်နှင့် ဆုချီးမြှင့်ပွဲ စက်တင်ဘာ ၈ ရက်တွင် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၈

**မြန်မာနိုင်ငံ စာရင်းကောင်စီ၏ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာ စာရင်းကိုင် စာမေးပွဲ အောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ (IBC) ၌ ကျင်းပမည်ဖြစ်သည်။**

ဆုငွေချီးမြှင့်မည်

**အဆိုပါ အခမ်းအနားတွင် ၂၀၀၂ ခုနှစ် ဩဂုတ်လမှ ၂၀၀၇ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပခဲ့သည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဒုတိယပိုင်းစာမေးပွဲအောင်မြင်သူများနှင့် ၂၀၀၂ခုနှစ် စက်တင်ဘာလမှ ၂၀၀၅ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပခဲ့သည့် ဒီပလိုမာစာရင်းကိုင် ဒုတိယပိုင်းစာမေးပွဲ အောင်မြင်သူများအား အောင်လက်မှတ်များကို ပေးအပ်ပြီး အဆိုပါ စာမေးပွဲ အသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယအဆင့်ဖြင့် အောင်မြင်သူများနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံး ရရှိသူများအား ဆုငွေများကို ချီးမြှင့်မည်ဖြစ်သည်။**

**ထို့အပြင် ၂၀၀၂ခုနှစ် နိုဝင်ဘာလမှ ၂၀၀၇ခုနှစ် မတ်လအတွင်း ကျင်းပခဲ့သည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ပထမပိုင်းစာမေးပွဲ အသီးသီးနှင့် ၂၀၀၂ခုနှစ် စက်တင်ဘာလမှ ၂၀၀၅ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပခဲ့သော ဒီပလိုမာစာရင်းကိုင် ပထမပိုင်း စာမေးပွဲအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယ အဆင့်ဖြင့် အောင်မြင်သူများနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံး ရရှိသူများအားလည်း ဆုငွေများကို ချီးမြှင့်မည်ဖြစ်သည်။**

ကြိုတင်ထုတ်ယူ

**အဆိုပါ အောင်လက်မှတ်နှင့် ဆုလက်ခံရယူကြမည့် သင်တန်းသား သင်တန်းသူအားလုံးအား အခမ်းအနားသို့ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အခမ်းအနားသို့ တက်ရောက်ကြမည့် သူများသည် အခမ်းအနားကြေးငွေကျပ် ၂၀၀၀နှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ တစ်ပုံတို့ကို စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း အမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့သို့ ဩဂုတ် ၁၃ရက်မှ ၂၄ရက်အတွင်း ပေးသွင်းပြီးအခမ်းအနား တက်ရောက်ခွင့်ကတ်ပြားကို ကြိုတင်ထုတ်ယူကြရမည်ဖြစ်သည်။**

**ယင်းစာမေးပွဲ အသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယအဆင့်ဖြင့် အောင်မြင်သူများနှင့် ဘာသာရပ်အလိုက် အမှတ်အများဆုံး ရရှိသူများ၏ အမည်စာရင်းကို ရန်ကုန်မြို့ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ထုတ်ပြန်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)



# ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၈

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး ဒေါ်တင်တင်လတ်တို့အား အမှူးထား၍ ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်းဝန်ကြီးဌာန မိသားစုများ၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၅ ရက်နံနက် ၁၀ နာရီက ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဓမ္မာရုံ၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး ဒေါ်တင်တင်လတ်တို့ တက်ရောက်၍ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

ရှေးဦးစွာ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ ချီးမြှင့်သရဏ္ဍာယ်သော ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**(အပေါ်ဝဲပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာ တရားနှင့် ရေစက်ချတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

# တွံတေးနှင့် ထန်းတပင်မြို့နယ်စည်ပင်လုပ်ငန်းများ ညွှန်ချုပ်စစ်ဆေး မြို့သာယာလှပရေး အလေးထားဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဩဂုတ် ၈

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၆ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းအတွင်း တွံတေးမြို့နယ်နှင့် ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့များ၏ မြို့သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် တွံတေးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံးသို့ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြလင်းက ဝန်ထမ်းဖွဲ့စည်းပုံ၊အဖွဲ့ဝင်ငွေ၊ ကျေးလက်နှင့် မြို့ပြစည်ပင်သာယာရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ညွှန်ကြား ရေးမှူးချုပ်က ကျေးလက်နှင့် မြို့ပြသာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## မှာကြား

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ကျေးလက်နှင့် မြို့ပြ စည်ပင်သာယာရေးလုပ်ငန်းများ ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဝန်ထမ်းများအားလုံး တက်ညီလက်ညီနှင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ရွှေဆံတော်ဘုရားလမ်းပေါ်ရှိ ကွန်ကရစ်တံတားဆောင်ရွက်ပြီးစီးမှု၊ ဘုရားလမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း **(ယာပုံ)**နှင့် မြို့ရှောင်လမ်းထိပ်ရှိ တြိဂံကျွန်း မြေယာရှုခင်းအလှဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

## ပျိုးပင်များပျိုးထောင်

ထိုမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်သည် ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိပြီး ရုံးရှေ့မြေယာရှုခင်းအလှဆောင်ရွက်မှုနှင့် အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပျိုးပင်များပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် အမှုဆောင်အရာရှိ ဦးဌေးလှိုင်က မြို့ပြနှင့်ကျေးလက်စည်ပင်သာယာရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များမှာကြားသည်။ **(သတင်းစဉ်)**



# နယ်လှည့်စာကြည့်တိုက်နှင့် ဟောပြောပွဲ ဗိုလ်တထောင်အထက(၆)၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၃ရက်က ဗိုလ်တထောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၆)တွင် ကျင်းပသည်။

## ဟောပြော

အခမ်းအနားကို ကျောင်းအုပ်ဆရာကြီးဒေါ်ကြာဝင်းမင်းလတ်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနခေတ္တ ရန်ကုန်အရှေ့ပိုင်း ခရိုင်ဦးစီးအရာရှိ ဦးတင်ကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** စာရေးဆရာချစ်နိုင် (စိတ်ပညာ)က ရည်မှန်းချက်ရှိရမယ် ခေါင်းစဉ်ဖြင့် ဟောပြောသည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ စာအုပ်များ လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က လက်ခံယူခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**





# ဆုပေးအပ်

**ဇူလိုင် ၂၈ ရက်က ပုသိမ် အထက (၁) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် လေးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သောမဖြူစင်စုစုအား ကျောင်းအုပ်ဆရာကြီး ဦးခင်ဇော်က ရွှေစင်တံဆိပ် ဆုပေးအပ်စဉ်။** (သတင်းစဉ်)

# ပညာသင်စရိတ်နှင့် ထောက်ပံ့ကြေးပေး

**မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ နေပြည်တော် တပ်ကုန်း စည်းရုံးရေး ကော်မတီသည် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ်နှင့် မသန်စွမ်းစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်၁၅ရက်နံနက် ၉နာရီက မြို့နယ်ရုံး ခန်းမတွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အေးသိန်းနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီးတင့်ဝေ (ငြိမ်း)တို့က အမှာစကားပြောကြားပြီး မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၂ ဦးနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တက္ကသိုလ်၊အထက်တန်း၊အလယ်တန်းနှင့် မူလတန်း ကျောင်းသူ၊ ကျောင်းသား ၉၉ ဦးတို့အား ဗလာစာအုပ်၊စာရေးကိရိယာများ အပါအဝင်ငွေကျပ်၄၂၃၀၀၀ ထောက်ပံ့ကြောင်း သိရသည်။**(မြို့နယ် ပြန်/ဆက်)

# သုတရိပ် စာကြည့်တိုက် စာဖတ်ဝိုင်း

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲကလီ ကျေးရွာအုပ်စု သုတရိပ် စာကြည့်တိုက်၌ စာဖတ်ဝိုင်းကို ဇူလိုင် ၁၁ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးတင်ထွန်းက စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသီက ချစ်နိုင်(စိတ်ပညာ)၏ ဘဝတက်လမ်း၏ ခြေလှမ်းများစာအုပ်ပါ နှိုင်းယှဉ် ယှဉ်ပြိုင်ရင်ဆိုင် ခေါင်းစဉ်အားလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်မှဒေါ်သန်းသန်းဌေးက ဒို့ကျေးရွာဂျာနယ်ပါ မိုးသီးနှံ ထုတ်ကုန် တိုးစေဖို့ ဒို့ကျေးရွာတွင် ဆောင်ရွက်စို့ (၂)ဆောင်းပါးကို လည်းကောင်း၊ဓာတ်ပုံကျွမ်းကျင်(၂)ဦးကျော်ဝင်းကမြန်မာ့အလင်းသတင်းစာပါ ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# အင်းတော်၌မြေယာရှုခင်းပြုပြင်

အင်းတော်မြို့အဝင် အော်တိုအိတ်ချိန်းအနီးတွင် အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ လမ်းဘေးဝဲယာတစ်လျှောက် မြေယာရှုခင်းပြုပြင်ခြင်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးမြင့်သန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ **(က-ပ)**

**မြန်မာ့အလင်း**

**ပြည်တွင်း**

**သတင်း**

**အတိုအထွာ**

# ရေဦး ထွေ/အုပ် ဝန်ထမ်းများ ဝတ်စုံထောက်ပံ့

ရေဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ ဝတ်စုံထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ရက် မွန်းလွဲ၂နာရီခွဲက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယဦးစီးမှူး ဦးစိုးစိုးအောင်တို့က ဝန်ထမ်း ၁၈ဦးအတွက် ငွေကျပ် ၁၈၂၈၀၀ တန်ဖိုးရှိ ဝတ်စုံများပေးအပ်ကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

# အကြိုအခြေခံမီးသတ်သင်တန်း မိတ္ထီလာ၌ဖွင့်

**မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် မြို့ပေါ်ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ် အထူးမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ ရက် ညနေ ၄ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းစမ်းအေးက သင်တန်းဖွင့်လှစ်ရခြင်း အကြောင်း ရှင်းလင်းတင်ပြကြောင်းသိရသည်။**

(၃၅၈)

**ဖလမ်းခရိုင် ပြန်/ဆက်ဦးစီး စာဖတ်ဝိုင်း**

ချင်းပြည်နယ် ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ စာဖတ်ဝိုင်းကို ဇူလိုင် ၂၃ ရက် ညနေ ၃ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ရုံးခန်း၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမန်စိန်က စာဖတ်ဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဓာတ်ပုံကျွမ်းကျင်(၂) ဦးမန်လျန်ဟာမ်နှင့် ရုပ်/သံ-၃ ဦးထလျန်ဟာရန်းတို့က ဇူလိုင် ၁၇ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ဆောင်းပါးရှင် တက္ကသိုလ်မြတ်သူ၏ အမျိုးသားညီလာခံကိုယ်စားလှယ်များ အောင်ပန်းဆွတ်ခူးကြမည့် ညောင်နှစ်ပင်စခန်း ဆောင်းပါးကို ဖတ်ကြားကာ ဒုတိယဦးစီးမှူး ဒေါ်လိုင်နယ်ကိမ်းနှင့် ရုပ်/သံဝန်ထမ်း ဦးတင်လျန်ထန်းတို့က ဆွေးနွေးကြကြောင်း သိရသည်။**(ခရိုင် ပြန်/ဆက်)**

# တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ စစ်တွေမြို့၌ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များနှင့်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၈

**ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းက စစ်တွေမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပြည်နယ်ရုံးသို့သွားရောက်ကြပြီး ပြည်နယ်အသင်းရုံး၌ အသင်းဝင်များနှင့် တွေ့ဆုံသည်။**

ထို့နောက်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဦးကျော်ရင်က ပြည်နယ်အတွင်းရှိ မြို့နယ်အသင်းများ၏



လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး မြို့နယ်များမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များက မိမိမြို့နယ်အသင်းရုံး များ၏ လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြသည်။

## မှာကြား

ယင်းနောက် တိုင်းမှူးက လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လိုအပ်သည်များအသေးစိတ်မှာကြားသည်။

## ပေးအပ်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက စစ်တွေခရိုင်နှင့် မောင်တောခရိုင်များအတွက် အရင်းမပျောက် မတည်ငွေကျပ် ၁၀ သိန်းစီကို လည်းကောင်း၊ စစ်တွေခရိုင်နှင့် မောင်တောခရိုင်အတွင်းရှိ မြို့နယ်အသင်း ၁၀ မြို့နယ်အတွက် တစ်သင်းလျှင် ငွေကျပ်ငါးသိန်းစီကိုလည်းကောင်း ပေးအပ်ရာ သက်ဆိုင်ရာခရိုင်၊ မြို့နယ်တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမဆောင်၌ကျင်းပသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။ ထို့နောက် ပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အဖွဲ့ခေါင်းဆောင်(ရခိုင်ပြည်နယ်တာဝန်ခံ)ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် စစ်တွေခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်အတွက် တစ်မြို့နယ်လျှင် အရင်းမပျောက် မတည်ငွေကျပ် ၁၀ သိန်းစီကို လည်းကောင်း၊ မောင်တောခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့အတွက် အရင်းမပျောက် မတည်ငွေကျပ်၁၀သိန်းကိုလည်းကောင်း ပေးအပ်ရာတာဝန်ရှိသူများက အသီးသီး လက်ခံယူကြသည်။**(ဝဲပုံ)**

အလားတူ ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင် စစ်တွေတပ်နယ်ဗန္ဓုလရိပ်သာ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာန ဌာနကြီးမှူး ဒေါ်မြသီဂိသည် ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ပေးပို့ လှူဒါန်းသော အမျိုးသမီးရေးရာအဖွဲ့ ဝတ်စုံအစုံ ၃၀ နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂိမိသားစုတို့က ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့အတွက် အလှူငွေကျပ်တစ်သိန်း၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွက် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ကျော့ကျော့စံနှင့် တာဝန်ရှိသူများက အသီးသီး လက်ခံကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ရန်ကုန်မြို့မှ ရွှေစင် အကယ်ဒမီ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်း တော် ကြီး အတွက် အလှူငွေ ကျပ်သိန်း ၁၀၀ ကို ရွှေစင် တိပိဋကရေ မွှေ့ဘဏ္ဍာဂါရိ က ဆရာတော် ဘဒ္ဒန္တ




ဂန္ဓမာလာလင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# ဝန်ကြီးဗိုလ်ချုပ်စောထွန်း စစ်တောင်းတံတား(မုပ္ပလင်)စစ်ဆေး ဒဂုံတံတားမှ သီလဝါစက်မှုဇုန် ဆက်သွယ်သည့် လမ်းဖောက်လုပ်မှု ကြည့်ရှု

ရန်ကုန် ဩဂုတ် ၈

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၆ ရက် နံနက် ၈ နာရီက စစ်တောင်းတံတား(မုပ္ပလင်)၏ မုပ္ပလင်ဘက်ကမ်းတံတားရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးကျော်လင်းက တံတားကြီးရာနှုန်းပြည့် တည်ဆောက်ပြီးစီးမှု၊ တံတားချဉ်းကပ်လမ်း ဝေါဘက်ကမ်းနှင့် မုတ္တမဘက်ကမ်း လုပ်ငန်းများဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။**

## မှာကြား

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက ဆောင်ရွက်ရန် ကျန်ရှိသည့် ချဉ်းကပ်လမ်းလုပ်ငန်းများကိုရာသီဥတု အခြေအနေပေးသည့်အခါတိုင်း သတ်မှတ်ချိန်အမီပြီးစီးရေး စီမံဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တံတားကြီးပေါ်မှ မော်တော်ယာဉ်များဖြင့် ဖြတ်သန်း၍ ပဲခူးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဝေါဘက်ကမ်းချဉ်းကပ်လမ်းတွင် ဒု-အခြေခံလွှာနှင့် အခြေခံလွှာ ကျောက်ခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားကာ ပဲခူးမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

ထို့နောက် ဝန်ကြီးသည် ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ ကဝမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၂၁ မိုင် ၇ ဖာလုံတွင် ၁၂ ပေအကျယ် ကတ္တရာလမ်းကို ၁၈ ပေအကျယ်ရအောင် ကျောက်စီခင်းကြိတ်နေခြင်းကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးက သတ်မှတ်ချက်များအတိုင်းဆောင်ရွက်ရန် တာဝန်ခံအင်ဂျင်နီယာများအား မှာကြား၍ ထွက်ခွာခဲ့ရာ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ ၁၆ ၏ ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့် လမ်းဖောက်လုပ်ခြင်းစီမံကိန်းရုံးသို့ ရောက်ရှိသည်။

## ရှင်းလင်းတင်ပြ

စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ထွန်းက အဆိုပါလမ်းတွင် ဒု-အခြေခံလွှာ၊ အခြေခံလွှာနှင့်ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဝန်ကြီးအား ရှင်းလင်းတင်ပြရာ ရန်ကုန်တိုင်းအင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က ဖြည့်စွက်တင်ပြသည်။

## ဖြည့်ဆည်းပေး

ဝန်ကြီးက အဆိုပါလမ်းမှာ ကုန်တင်ဝန်လေးယာဉ်ကြီးများ အများဆုံးသွားမည့်လမ်းဖြစ်၍ သတ်မှတ်အလေးချိန်ခံနိုင်မည့် လမ်းဒီဇိုင်းအတိုင်း လမ်းအလွှာလိုက်ခင်းကြိတ်ရန်၊ လမ်းအရည်အသွေးထိန်းကွပ်ကဲရေးအဖွဲ့များနှင့် စနစ်တကျဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မြတ်စေတနာနှင့် မြတ်မေတ္တာသူနာပြု သင်တန်းမှ ပဲခူးတိုင်း ခမဲပြင်ဘုရား၌ ဆေးဝါးလှူဒါန်း

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်မြို့ မြတ်စေတနာနှင့် မြတ်မေတ္တာသူနာပြု အကူသင်တန်းမှ ဆရာမ ဒေါ်ခိုင်ဝါမြင့် ဦးဆောင်၍ သင်တန်းသား၊ သင်တန်းသူများသည် ဩဂုတ် ၃ ရက် မွန်းတည့် ၁၂ နာရီက ပဲခူးတိုင်း ခမဲပြင်ဘုရားသို့ ရောက်ရှိပြီး အဆိုပါဘုရားရှိ ဇရပ်တွင် ဘုရားဝန်းကျင်မှ ကျေးရွာပြည်သူများ၊ ဘုရားဖူးများ၊ ရဟန်းသံဃာ၊ သီလရှင်တို့အား ဆေးဝါးလှူဒါန်းခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းစွာ နေထိုင်ရေး ကျန်းမာရေးပညာပေးဟောပြောပြီး ကျန်းမာရေး စစ်ဆေးပေးသည်။**(အပေါ်ပုံ)**

## ဆက်သွယ်လှူဒါန်းနိုင်

မြတ်စေတနာနှင့် မြတ်မေတ္တာ သူနာပြုအကူသင်တန်းသည် တစ်လလျှင် နှစ်ကြိမ် ရန်ကုန်မြို့ဝန်းကျင် ကျေးရွာများသို့ ဆေးဝါးလှူဒါန်းလျက်ရှိရာ ဆက်သွယ် လှူဒါန်းလိုသော ဆေးဝါးအလှူရှင်များသည် မြတ်စေတနာ ဖုန်း-၅၀၂၆၅၇၊ မြတ်မေတ္တာ ဖုန်း-၂၂၈၀၈၁၊ ၀၉-၈၉-၂၂၅၈၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# လားရှိုးတက္ကသိုလ် ကျပန်း၊ လှယဉ်ကျေးနှင့်အဆိုပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လားရှိုးတက္ကသိုလ်တို့ ပူးပေါင်း၍ ကျပန်းစကားပြောပြိုင်ပွဲ၊ လှယဉ်ကျေးမယ်ပြိုင်ပွဲနှင့် အဆိုပြိုင်ပွဲကို လားရှိုးတက္ကသိုလ် ကမ္ဘောဇခန်းမတွင် ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

## ချီးမြှင့်

အခမ်းအနားတွင်ဒုတိယပါမောက္ခချုပ် ဦးဖေသောင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပြည်နယ်အမှုဆောင် ဦးအောင်စိုးတို့က အမှာစကားအသီးသီး ပြောကြားပြီး ပြိုင်ပွဲများကျင်းပရာ ကျပန်းစကားပြော ပြိုင်ပွဲတွင် မနီလာဝင်းရွှေ (တတိယနှစ်-ရုက္ခ)က မြန်မာလိုဝတ်ကြမယ် ခေါင်းစဉ်ဖြင့်ပထမ၊ မောင်အက်(စ်) ရောဘတ် (တတိယနှစ်-သတ္တ)က အဖြူအပေါ် အနက်မဆိုးပါနဲ့ ခေါင်းစဉ်ဖြင့် ဒုတိယ၊ မောင်ဇော်ဝင်းထွန်း (တတိယနှစ်-ဓာတု)က ဆပ်ပလီမထိဖို့ ကျွန်တော်ကြိုးစားမည် ခေါင်းစဉ်ဖြင့် တတိယဆုများရရှိပြီး ဆုများကိုပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးအောင်စိုးက ချီးမြှင့်သည်။

## လှယဉ်ကျေးမယ်

လှယဉ်ကျေးမယ်ပြိုင်ပွဲတွင် မအိအိမြိုင် (ပထမနှစ်-ဓာတု) **(အောက်ပုံ)**၊ မခင်ကြည်ဦး (ဒုတိယနှစ်-သတ္တ)၊ နန်းငွေစင် (တတိယနှစ်-ဓာတု)၊ ချို့ဝေလွင် (တတိယနှစ်-သတ္တ)၊ မဂျာစံလွန် (တတိယနှစ်-မြန်မာစာ) တို့ကပထမ၊ဒုတိယ၊တတိယနှင့်နှစ်သိမ့်ဆုများ အသီးသီးရရှိကြပြီး ဆုများကို သတ္တဗေဒ ပါမောက္ခ(ဌာနမှူး) ဒေါ်ချို့ချို့ဝင်းက ချီးမြှင့်သည်။

အဆိုပြိုင်ပွဲတွင် စိုင်းမောင်လင်း (ဒုတိယနှစ်-သတ္တ)ကပထမ၊ နှင်းဝေဦး (ဒုတိယနှစ်-သင်္ချာ)ကဒုတိယ၊ မောင်နိုးနိုး (ပထမနှစ်-ရူပ)နှင့် စံပယ်ဖြူထွန်း(တတိယနှစ်-မြန်မာစာ) တို့က တတိယဆုများရရှိကြပြီး ဆုများကို သင်တန်းရေးဌာနမှူး ဒေါ်သန်းသန်းလဲ့က ချီးမြှင့်ပေးအပ်ခဲ့သည်။

**(က-ပ)**



# စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၈**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. M.Khairuzzaman သည် ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ ဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. M.Khairuzzaman လာရောက်တွေ့ဆုံစဉ်။** (စွမ်းအင်)

**✻ ကျောဖုံးမှ**

အစည်းအဝေး မစတင်မီ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များသည် အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အစည်းအဝေးတွင် အလှည့်ကျ သဘာပတိအဖြစ် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဝင်းသန်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်တို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၁၇ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

**အမှာစကားပြောကြား**

ထို့နောက် အလှည့်ကျသဘာပတိ ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများအနက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဉက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်တို့က ထပ်ဆင့် ဖတ်ကြားရှင်းလင်းတင်ပြကြသည်။

**ဖတ်ကြားတင်ပြ**

ယင်းနောက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို အားကစားဝန်ကြီးဌာနမှ ဦးသိန်းအောင်က ဖတ်ကြားတင်ပြသည်။

ထို့နောက် အကြံပြုချက်စာတမ်းနှင့်စပ်လျဉ်း၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မှ ဦးစိုးမြင့်သိန်းနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဦးသိန်းဌေးတို့က အကြံပြုဆွေးနွေးတင်ပြကြသည်။

**အတည်ပြုချက်ရယူ**

ယင်းနောက် အလှည့်ကျ သဘာပတိက အကြံပြုချက်စာတမ်းနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် ညီလာခံ ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ရယူပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



## ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

* ***မလေးရှားနိုင်ငံမြောက်ပိုင်း ကီဒတ်ပြည်နယ်နှင့် ကီလန်တန်ပြည်နယ်တို့တွင် ဩဂုတ် ၆ ရက်က ကျောင်းသား ၁၁၇ ဦး နို့နှင့်ကိတ်မုန့်များ စားသုံးခဲ့ပြီးနောက် အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သဖြင့် ဆေးရုံသို့တင်ပို့ ဆေးကုသမှုခံယူရလျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။***

* *ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် ဩဂုတ် ၇ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပွားခဲ့သဖြင့် ၃၄ ဦး သေဆုံးခဲ့ကြောင်း၊ ကိုးဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဗီယက်နမ် မီဒီယာများက ဖော်ပြသည်။*

* ***တောင်အာရှဒေသတွင် ယခုနှစ်မိုးရာသီ၌ မိုးသည်းထန်မှု၊ ရေလွှမ်းမှုနှင့် သောက်သုံးရေပြတ်လပ်မှုများကြောင့် ကလေးငယ် သန်းပေါင်းများစွာ ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ယူနီဆက်ဖ်က သတင်းထုတ်ပြန်သည်။***

* *မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ယခုနှစ်ကုန်၌ တန်ဖန်းနီးယားသံရုံးစတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း မလေးရှားအစိုးရက သတင်းထုတ်ပြန်သည်။*

* ***အမေရိကန်နိုင်ငံ မီဝေါကီမြို့ရှိ မစ်ရှယ်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဩဂုတ် ၇ ရက်က လျှပ်စစ်ဓာတ်အားကြိုးများမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ လေယာဉ်ခရီးစဉ်များ ရွှေ့ဆိုင်းခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။***

* *တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျင်းပြည်နယ်သို့ ဦးတည်တိုက်ခတ်လာနိုင်သော မုန်တိုင်းကြောင့် ပင်လယ်ပြင်တွင် ငါးဖမ်းနေကြသည့် အလုပ်သမား ၂၆၆၀၀၀ ခန့်တို့အား အမြန်ပြန်လာကြရန် အာဏာပိုင်များက ခေါ်ယူထားကြောင်း သိရသည်။*

* ***အီဂျစ်နိုင်ငံတွင် အလွန်ကြီးမားသောဓာတ်ငွေ့သိုက်ကြီးတစ်ခုကို အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)အခြေစိုက် ဒါနာဓာတ်ငွေ့လုပ်ငန်းက ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ တွေ့ရှိသည့်နေရာမှာ အီဂျစ်နိုင်ငံ မင်ဇာလာပြည်နယ်၌ဖြစ်ကြောင်း အီဂျစ် မီဒီယာများက ဖော်ပြသည်။***

*(ကိုးကား-အင်တာနက်)*



# ဟိန္ဒူသနာတနဓမ္မပါလကအဖွဲ့ချုပ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၈**

ဟိန္ဒူမိသားစု၏ စုပေါင်းဝါဆိုသင်္ကန်းနှင့် ဆွမ်းအလှူဒါနပြုပွဲကို ကမ္ဘာအေးကုန်းမြေ ကျောင်းဆောင်သစ်တွင် သီတင်းသုံးတော်မူကြကုန်သော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သံဃာတော် ၄၇၂ ပါးတို့အား တစ်နေ့တာ ဆွမ်းကပ်ခြင်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၅ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီက မိုးကုတ်ဆွမ်းစားကျောင်း ကမ္ဘာအေးကုန်းမြေတွင်ကျင်းပရာ ရှေးဦးစွာ ဟိန္ဒူမိသားစုများနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တပဏ္ဍဝံသ (အဂ္ဂမဟာ ပဏ္ဍိတ)တောင်ငူဆရာတော်ထံမှ ငါးပါးသီလ ဆောက်တည်ကြသည်။

**ဆက်ကပ်**

ဆက်လက်၍ ကုမ္မာရီဟိန္ဒူအမျိုးသမီးများက မင်္ဂလာသုတ်များ ရွတ်ဖတ်သရဇ္ဈာယ်ကြပြီး ဦးစိုးသိမ်းက ဟိန္ဒူ သနာတနဓမ္မပါလကအဖွဲ့ချုပ်၏ ဆောင်ရွက်နေသော ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာများ လျှောက်ထားပြီး နိုင်ငံတော်အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့်ဇနီး အပါအဝင် ဝါဆိုသင်္ကန်းအလှူရှင်များက ဝါဆိုသင်္ကန်းများကို ဆရာတော် သံဃာတော်များအား ဆက်ကပ်ကြသည်။ **(အပေါ်ပုံ)** ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။

**ရေစက်သွန်းချ**

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တဝါယမ မဟာဂန္ထဝါစကပဏ္ဍိတ ပဲခူးဆရာတော်ထံမှ ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၉-၈-၂၀၀၇ (ကြာသပတေးနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV - 4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇:၀၅ | ယုံကြည်မှုနဲ့သွားရမယ်တရားတော် (အပိုင်း-၁) [အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့) ဆရာတော်] |
| ၈:၁၀ | ဇီဝလောင်စာဆီအတွက် အားထားရမည့် ကြက်ဆူကြိတ်စက်များ |
| ၈:၂၅ | တေးဂီတအစီအစဉ် |
| ၈:၃၀ | ပြည်တွင်းအနုပညာရေးရာ |
| ၉:၀၀ | တေးဂီတအစီအစဉ် |
| ၉:၀၅ | ရောဂါဘယကင်းဝေးဖို့ တိုင်းရင်းဆေးကိုသုံးကြစို့ |
| ၉:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၃၀ | တေးဂီတအစီအစဉ် |
| ၉:၃၅ | စက္ကူရွက်ဝေ ရှမ်းထီးသက်သေ |
| ၉:၅၀ | တေးဂီတအစီအစဉ် |
| ၉:၅၅ | ဉာဏ်ရည်မြင့်မား မျိုးဆက်သစ်လူငယ်များ |
| ၁၀:၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၃၅ | တေးဂီတအစီအစဉ် |
| ၁၀:၄၀ | အသည်းရောင်အသားဝါ (စီ)ပိုးတွေ့ရှိနေလျှင် (ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်း) |
| ၁၀:၅၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၀၀ | ဝင်ငွေတိုးစေဖို့ တီလားပီးယားငါးမွေးကြစို့ |
| ၁၁:၂၀ | တေးဂီတအစီအစဉ် |
| ၁၁:၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၃၅ | သင်ယူလေ့လာ ဂီတပညာ ဂီတာအခြေခံတီးခတ်နည်း (ကိုစိုင်း) (အပိုင်း-၁) |
| ၁၂:၀၅ | ပြည်တွင်းအခွန်များဦးစီးဌာန အကြောင်းသိကောင်းစရာ (တံဆိပ်ခေါင်းခွန်) |
| ၁၂:၂၀ | တေးဂီတအစီအစဉ် |
| ၁၂:၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၃၀ | သူနဲ့ပဲနေတော့မယ် ၄က်ပျောကြော်၊ ကြူကြူသင်း (ဒါရိုက်တာ-ရွှေဦး၊ MRTV) |
| ၁၂:၄၀ | တေးဂီတအစီအစဉ် |
| ၁၂:၄၅ | Yangon Panorama (Artistic Attraction Art Exhibition) |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# NLD ပါတီ၏လုပ်ရပ်များကို ယုံကြည်လက်ခံမှုမရှိတော့သဖြင့် အင်းစိန်မြို့နယ်မှ ပါတီဝင် ၁၆ ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးတင်ဝင်း၊ ဦးသန်းထွဋ်၊ ဦးလှဦး၊ ဦးမျိုးနိုင်၊ ဦးကျော်ဝင်းနှင့် ဦးအောင်ဌေးဦးတို့အပါအဝင် ပါတီဝင် ၁၆ ဦးတို့သည် ဇူလိုင် ၂၃ ရက်က ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

အင်းစိန်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏ လုပ်ရပ်များကို ယုံကြည်လက်ခံမှုမရှိ၊ ထောက်ခံမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

9-8 (07) 1 8/9/07, 1:43 AM

# ဝတီ

## ရတနာစည်ဆရာတော်
## ( လွိုင်လင် )

**အောင် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးထားသဖြင့် သုံးနိုင်အား အဆမှာ ငါးဆမျှ တိုးတက်လာခဲ့လေ၏။**

**ကျန်းမာရေးကဏ္ဍ၌ ယခင်မရှိခဲ့ဖူးသည့် (ခုတင်-၂၀၀)ဆေးရုံကြီး ဖွင့်လှစ်ပေးနိုင်ခြင်း၊ ယခင်မရှိခဲ့ဖူးသည့် တိုင်းရင်းဆေးရုံတစ်ရုံဖွင့်လှစ် ပေးနိုင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးစွမ်းနိုင်သည့် သမားတော်များ၊ အထူးကုဆရာဝန်များကို အင်အားနှစ်ဆကျော် တိုးမြှင့်ပေးထားသလို သူနာပြုများကိုလည်း အင်အားသုံးဆနီးပါး တိုးမြှင့်ခန့်ထားပေးလျက်ရှိခြင်း၊ သူနာပြုသင်တန်းကျောင်းနှင့် သားဖွားသင်တန်းကျောင်းတို့ကို အသစ်ဖွင့်လှစ်ပေးထားခြင်းတို့ကြောင့် ကျန်းမာရေးကဏ္ဍမှာ အထူးမြင့်မားလာလျက်ရှိ၏။**

ပညာရေးကဏ္ဍအနေဖြင့် ကယားပြည်နယ်ကို ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ခု၌ ထည့်သွင်းပေးထားသည်နှင့်အညီ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်ကြီးတစ်ခု၊ နည်းပညာတက္ကသိုလ်တစ်ခုနှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုတို့ကို တည်ဆောက် ဖွင့်လှစ်ပေးထားနိုင်ပုံကို ထောက်ဆ၍ ဒေသခံရင်သွေးများသည် အဆင့်မြင့်ပညာရပ်များကို တတ်မြောက်အောင် အိုးမကွာအိမ်မကွာ သင်ယူနိုင်ခွင့်ရလျက်ရှိကြောင်း ကောက်ချက်ချနိုင်ပါသည်။

(ဂ)

ကယားပြည်နယ် လွိုင်ကော်မြို့၌ တည်ဆောက်ပြီးစီးသွားသော ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)၏ လွိုင်ကော်တက္ကသိုလ်ပင်မဆောင်ဖွင့်ပွဲ အခမ်းအနားကို ၅-၈-၂၀၀၇ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ခြင်း၊ မော်ကွန်းကမ္ပည်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်ပေးခြင်းနှင့် အမှာစကားပြောကြားခြင်းတို့က ယနေ့တပ်မတော်အစိုးရသည် ကယားပြည်နယ်အပေါ် အဘယ်မျှ အလေးအနက်ထားကြောင်းကို ပေါ်လွင်ထင်ရှားစေလျက်ရှိဘိ၏။

ယင်းလွိုင်ကော်တက္ကသိုလ် ပင်မဆောင်သည် ရှေ့မျက်နှာစာ အလျား ပေ ၄၀၀၊ အနံ ၂၈၃ပေ၊ အမြင့် ၆၄ပေရှိ သုံးထပ်အဆောက်အအုံဖြစ်ရာ တက္ကသိုလ်ဥပမိ အတိသောဘဏ လှပခိုင်ခံ့ တအံ့တသြ ငေးမော ရှုမအီရှိဘိ၏။ ယင်းအပြင် တက္ကသိုလ် အဈွတ္တအားဖြင့် ဝိဇ္ဇာနှင့်သိပ္ပံ အထူးပြုဘာသာရပ် ၁၂ခု၊ ဘွဲ့ကြိုဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ဘွဲ့ကြို ဘွဲ့လွန် ကျောင်းသား ကျောင်းသူ ၅၃၂ဦး သာမက အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၂၁၂၅ဦး စုစုပေါင်း ၂၆၅၇ဦးတို့ကို ပညာရပ်များ သင်ကြားပို့ချပေးလျက်ရှိ၏။ ယခုအခါ လွိုင်ကော်တက္ကသိုလ် ပုံမှန်သင်တန်းများမှ ဘွဲ့ရ ၂၅၆ဦး၊ အဝေးသင် သင်တန်းမှ ဘွဲ့ရ ၂၂၇၈ ဦး မွေးထုတ်ပေးနိုင်သည်အထိ အံ့မခန်းဖြစ်ဘိ၏။

**လွိုင်ကော်ဘူတာကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။**




လွိုင်ကော်တက္ကသိုလ် ပင်မဆောင်ဖွင့်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကယားပြည်နယ်ရှိ အထူးဒေသများမှ တိုင်းရင်းသားခေါင်းဆောင်များ အပါအဝင် ပရိသတ်များစွာ တက်ရောက်ခဲ့ရာဝယ် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြောကြားသည့် အမှာစကားသည် အသိအမြင်ကိုပေးသည့် ဉာဏဒဒ ကထာ၊ အမှန်နှင့်အမှားကို ခွဲခြားသိမြင်စေသည့် ဝိဘဇ္ဇကထာ၊ နိုင်ငံတော် အစိုးရ၏ စေတနာကို ထင်ဟပ်သည့် သမ္မာပကာသနကထာများ ဖြစ်ပါသဖြင့် ယင်းတို့ကို မှတ်ချက်များနှင့်တကွ ထုတ်နုတ် မှတ်တမ်းတင်ပါဦးမည်။

(ဃ)

**"နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် တဖြည်းဖြည်းချင်းကျဉ်းမြောင်းပပျောက်သွားစေပြီး ဒေသများအားလုံး သဟဇာတဖြစ်စွာ ဟန်ချက်ညီညီ ပေါင်းစည်းဆက်စပ် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နယ်မြေဒေသတစ်ခုချင်းအလိုက် ဒေသလိုအပ်ချက်နှင့်အညီ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ပေးနိုင်စေမည့် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ တည်ဆောက်ပေးလျက်ရှိရာတွင် ပညာရေး အခြေခံကောင်း၊ ပတ်ဝန်းကျင်ကောင်းများ ဒေသအသီးသီးတွင် ဖြန့်ကြက်ဖြစ်ထွန်းလာစေရအောင် သီးသီးသန့်သန့် အာရုံစူးစိုက်ဆောင်ရွက်ပေးလျက်ရှိကြောင်း"**

ယနေ့ တပ်မတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ကာ ပြည်သူများကို ဦးဆောင်ရင်း တက်ကြွစွာလျှောက်လှမ်းခဲ့ရာဝယ် နယ်စပ်ဒေသစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုစီမံကိန်းနှင့် ကျေးလက်ဒေသ လုပ်ငန်းစဉ် (၅)ရပ် စီမံကိန်းတို့ဖြင့် ကွက်ပြည့်ခြေရာများ ချထားနိုင်သော အနေအထားသို့ ရောက်ရှိနေလေပြီ။

**"မျှော်မှန်းချက် မြင့်မြင့်မားမားထားရှိပြီး ရည်မှန်းချက်ရှိရှိ ကြိုးပမ်း ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် ကယားပြည်နယ်အပါအဝင် နယ်စပ်ဒေသများအားလုံး တည်ငြိမ် ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့်အပြင် တိုင်းရင်းသားများ၏ဘဝ လုံခြုံအေးချမ်းမှုနှင့်အတူ လူမှုရေး၊ စီးပွားရေး၊ ဘဝအဆင့်အတန်းများပါ သိသိသာသာ ထူးထူးခြားခြား မြင့်မားလာလျက်ရှိနေပြီဖြစ်ကြောင်း"**

ယနေ့ ကယားပြည်နယ်ကို မနေ့က ကယားပြည်နယ်နှင့် နှိုင်းယှဉ်ကြည့်ပါ။

၁၉၈၀ ပြည့်လွန်နှစ်များက ဤအရှင်တို့သည် တောင်ကြီးမြို့၌ သီတင်းသုံးစဉ် ကယားပြည်နယ် မြို့တော် လွိုင်ကော်မြို့သို့ ရောက်ရှိခဲ့ဖူးပါ၏။ ထိုစဉ်က တောင်ကြီး-ဟိုပုံး-ဆီဆိုင်-လွိုင်လင်လေး-လွိုင်ကော် လမ်းဖြင့် သွားကြရ၏။ ဟိုပုံးလွန်လာသည်နှင့်ခရီးသည်များ၏ ဆွဲကြိုး၊ လက်စွပ် စသော ကိုယ်ဆင်တန်ဆာများချွတ်ကာ ဒရိုင်ဘာထံအပ်နှံရသည့်ဖြစ်စဉ် ကိုယ်တိုင်မြင်ခဲ့ရ၏။ ဒရိုင်ဘာက ထိုင်ခုံအောက်၌ သိုဝှက်ထားပေးလေ၏။ ကံကောင်းလျှင်လမ်းမှာဘာမျှမတွေ့၊ ကံဆိုးလျှင်တော့ လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့်တွေ့ပြီး ရှိတာအကုန် ပေးခဲ့ရတော့သည်။ ယင်းသို့သော ဖြစ်စဉ်များကြောင့် နားကပ်၊ ဆွဲကြိုး၊ လက်စွပ်၊ လက်ပတ်နာရီများ အလီလီပေးခဲ့ရသူစာရင်း မြင့်တက်လျက်ရှိရာ မသွားရဲ၊ မလာရဲဖြစ်ကုန်ကြသဖြင့် မဖြစ်မနေ ခရီးသွားများအတွက် ဒရိုင်ဘာက တာဝန်ယူကာ ကိုယ့်ပစ္စည်းနှင့်ကိုယ် သိုဝှက်ယူဆောင်ပေးရသော ဖြစ်စဉ်များ လချီ၊ နှစ်ချီ ဖြစ်ခဲ့ဖူးပြီ။

ထိုစဉ်က ထိုလမ်းတစ်လျှောက် မလုံခြုံခြင်း ကြီးစိုးနေသကဲ့သို့ အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်းသည်လည်း ငြိမ်းချမ်းသောလမ်း မဖြစ်ခဲ့ပါချေ။ လမ်းခရီးတစ်လျှောက်သာ မလုံခြုံတာမဟုတ်ဘဲ လွိုင်ကော်မြို့တော်ကြီးပင် လုံးဝအေးချမ်းနေသည် မဟုတ်ခဲ့ပါ။ အရေးကြီး နေရာများ၌ လုံခြုံရေးထူထပ်စွာ ချထားရသည့် နေ့ရက်တွေကို လွိုင်ကော်မြို့တော်ကြီး ဖြတ်သန်းခဲ့ရဖူးပြီ။

**"လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ၏ ဒဏ်ကြောင့် တိုင်းရင်းသားပြည်သူများ မလုံခြုံမငြိမ်းချမ်းသည့်ဘဝတွင် ကျီးလန့်စာစား ဝမ်းစာရှာဖွေ စားသောက်ခဲ့ရသည်များ၊ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးခဲ့ရသည်များ၊ ကလေးငယ်များ ပညာကောင်းစွာမသင်ခဲ့ရဘဲ ဆင်းရဲဒုက္ခ ဝဲဂယက်တွင် တဝဲလည်လည် နေခဲ့ရမှုများသည် ဒေသခံများအတွက် ခါးသီးသော အတွေ့အကြုံများပင်ဖြစ်ကြောင်း"**

ယင်းတို့သည် မနေ့က ကယားပြည်နယ်၏ အနှစ်ချုပ်ပင် ဖြစ်တော့သည်။

(င)

ယနေ့ ကယားပြည်နယ်သော်ကား....

**"ယနေ့ အခြေအနေတွင် ကယားပြည်နယ်အတွင်း နယ်စပ်ဒေသ အစွန်အဖျား အချို့မှအပ ငြိမ်းချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ တဖြည်းဖြည်း ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံဖြစ်ထွန်းလာပြီဖြစ်သည့်အလျောက် ဒေသခံတိုင်းရင်းသားများအတွက် လုံခြုံအေးချမ်းမှု၊ စိတ်အေးချမ်းမြေ့မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများ စတင်ရရှိခံစားနေပြီဖြစ်ကြောင်း"**

လမ်းပန်းဆက်သွယ်ရေး လုံခြုံစိတ်ချလာရပြီ။ ငြိမ်းချမ်းရေးခေတ် တည်ဖြစ် ပွင့်လန်းလာသောကြောင့်ဖြစ်၏။ စိုက်ပျိုးရေး၌လည်း စိုက်ဧက တိုးချဲ့မှု၊ သီးထပ်စိုက်ပျိုးမှု၊ နည်းပညာရရှိမှုများကြောင့် အထူးတိုးတက်ခဲ့သလို ရောင်းရေးဝယ်တာများလဲ သာယာပွင့်လန်းခဲ့ပြီ။ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ရှင်သန်လာသလို ကျန်းမာရေးစောင့်ရှောက်မှုများလဲ တိုးပွားကျယ်ပြန့်လာခဲ့ပြီ။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်၌ ဖွံ့ဖြိုးရေးဒေသတစ်ခု ဖွင့်လှစ်ပေးကာ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အရေးရေးအရာရာတို့၌ နိုင်ငံတော်က ကျခံသုံးစွဲပေးသည့် ငွေကြေးပမာဏသည်ပင်လျှင် ကျပ်သန်းပေါင်း ၂၂၉၃ ဒသမ ၅၇ ကျပ် ရှိနေလေပြီ။

ယင်းသို့ တပ်မတော်အစိုးရက ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ကြိုးပမ်းပေးလျက်ရှိသလောက် အဆိုးမြင်ဝါဒီများလဲ ရှိတော့ရှိနေသေးသည်သာ ဖြစ်၏။

**"နိုင်ငံတော်ကို လက်နက်ကိုင်ဆန့်ကျင်နေကြသည့် လက်တစ်ဆုပ်စာ တစ်ယူသန် အဖျက်သမားအချို့ ရှိနေဆဲဖြစ်သည့်အတွက် ကယားပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှု အလားအလာနှင့် အခွင့်အလမ်းများစွမ်းအားရှိသလောက် မပွင့်လန်းနိုင်သေးဘဲ ဆက်လက်ကြိုးပမ်းရမည့် အခြေအနေတွင် ရှိနေသေးသည်ဆိုသည်ကို ဒေသခံတိုင်းရင်းသားများ အားလုံးက သတိပြုမိကြရန်လိုကြောင်း။**

**"ကယားပြည်နယ်အတွင်း ရရှိဖြစ်ထွန်းနေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းသာယာမှုကို ဖျက်လိုဖျက်ဆီး လုပ်နေကြသည့် ပြည်တွင်းပြည်ပက အဖျက်အမှောင့်သမားများသည် တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား တစ်ယူသန် လူမျိုးရေး အစွဲအလမ်းများ၊ အယူဝါဒရေး၊ ဘာသာရေးအစွဲအလမ်းများ၊ အမုန်းတရားနှင့် အာဃာတတရားများ ဖြစ်ပေါ်လာအောင် လုပ်ဇာတ်ခင်းသွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်နေကြဆဲပင်ဖြစ်ကြောင်း"**

ကြည့်တတ်အောင်သင်၍ မြင်တတ်အောင်ပြသော ဝိဘဇ္ဇကထာ ဖြစ်ပါသည်။

**"ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည့် ကယားပြည်နယ်ကြီးတွင် တည်ငြိမ် အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ တည်တံ့ခိုင်မြဲပြီး ဆက်လက် တိုးတက်ဖြစ်ထွန်း စေရအောင်နှင့် ကယားပြည်နယ်ကြီးတစ်ခွင်လုံး အပြည့်အဝ ငြိမ်းချမ်းသာယာစေရအောင် ဒေသခံတိုင်းရင်းသားများအားလုံးက ဆက်လက်ဆောင်ရွက်ပေးကြပါဟုလည်း တစ်ဆက်တည်း တိုက်တွန်းပြောကြားလိုကြောင်း"**

နိုင်ငံတော်ဘက်၌ နိုင်ငံတော့်တာဝန်ရှိသလို ပြည်သူဘက်၌လည်း ပြည်သူ့တာဝန်ရှိကြောင်း မီးမောင်းထိုးပြခြင်းဖြစ်၏။ ထို့ကြောင့် ကယားပြည်နယ်တစ်ခုလုံး အပြည့်အဝ တည်ငြိမ်အေးချမ်းလာအောင် ပြည်နယ်သား တိုင်းရင်းသားများကလည်း ကျရာအခန်းမှထမ်းဆောင်နိုင်ရေး အားမွေးနေကြရမည်ဖြစ်ပါသည်။

ထို့အပြင် **'ကယား'**ပြည်နယ်တစ်ခုလုံး လှသထက်လှအောင် လုံ့လနှင့်ဖွဲ ထန်ထန်သဲ အားခဲကြိုးပမ်းနေကြရမည် ဖြစ်ပါသတည်း။ ။

# တရုတ်၌ မီးရထားလမ်းများ အရည်အသွေးမြှင့်တင်

ပေကျင်း ဩဂုတ် ၈

**ရေလွှမ်းမှုများသော မိုးရာသီအတွင်း တရုတ်နိုင်ငံတွင် သယ်ယူပို့ဆောင်ရေးများ၊ လုံခြုံမှုနှင့် အာမခံနိုင်မှုရှိရေးအတွက် စွမ်းအားပြည့် လုပ်ကိုင်ဆောင်ရွက်ကြရန် တရုတ်နိုင်ငံ ရထားလုပ်ငန်းဝန်ကြီးဌာနက ဩဂုတ် ၆ရက်၌ တိုက်တွန်း ပြောကြားလိုက်သည်။**

ခရီးသည်များအနေဖြင့် သွားလာရာတွင် ဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက် ယခုနှစ် နွေရာသီကပင် လမ်းများ အဆင့်မြှင့်တင်ရေးကို တရုတ်အာဏာပိုင်များ တွန်းအားပေးလျက် ရှိသည်။



ထို့အပြင် ခရီးသွားလာမှု နှောင့်နှေးကြန့်ကြာခြင်းများအတွက်လည်း ခရီးသည်များအား လက်မှတ်ငွေပြန်အမ်းမှုများ ပြုလုပ်ပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

**စိစစ်ပေး**

တရုတ်နိုင်ငံတစ်ဝန်း၌ မီးရထားလမ်းများ အရည်အသွေးမြင့်မားလာစေရန်၊ ကြံ့ခိုင်မှုရှိစေရန်နှင့် လုံခြုံမှုပိုမိုရရှိစေရန်လည်း တရုတ်အာဏာပိုင်များက နီးနီးကပ်ကပ် ကြပ်မတ်စိစစ်ပေးနေကြောင်းသိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



**တရုတ်နိုင်ငံ ကျန်ကျင်းပြည်နယ် ဟန်ကျိုးမြို့ရှိ ကုန်တိုက်တစ်ခု၌ ဝန်ထမ်းများက အိုလံပစ်အထိမ်းအမှတ်တံဆိပ်ပုံဖော် လေ့ကျင့်နေသည်ကို ဩဂုတ်၇ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# အီရတ်၌ အမေရိကန်စစ်ရဟတ်ယာဉ်ပေါ်မှ ကလပ်စတာ ဗုံးများကြွေ

**တီကရစ် ဩဂုတ် ၈**

ဘဂ္ဂဒက်မြို့မြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ်ရှိ မြို့တစ်မြို့ပေါ်သို့ အမေရိကန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်းပေါ်မှ ကလပ်စတာဗုံးများ ကြွချခဲ့မှုကြောင့် ခြောက်ဦးသေဆုံးသွားကြောင်း၊ ဖြစ်ပွားမှုမှာ ဩဂုတ် ၆ရက်၌ ဖြစ်ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

**ကြွချမှုခံရ**

အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်းပေါ်မှ ကလပ်စတာဗုံးများကြွချမှုခံရသည့်နေရာမှာ ဒါလူယတ်မြို့၌ဖြစ်ပြီး ဩဂုတ် ၆ရက် အရုဏ်မတက်မီ အချိန်တွင်ဖြစ်ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုသို့ ကလပ်စတာဗုံးများဖြင့် ကြွချခဲ့ရာတွင် ၃၅ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ အများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များ ဖြစ်ကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**အင်တာနက်အသုံးပြု**

**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ မီးရထားတစ်စင်းပေါ်တွင် လက်ကိုင် ကွန်ပျူတာများဖြင့် အင်တာနက် အသုံးပြုနေသူများကို ဩဂုတ် ၇ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)




# ဘင်္ဂလားဒေ့ရှ်၌ ဝမ်းရောဂါဖြစ်ပွားသူ များပြား

ဒါကာ ဩဂုတ် ၈

**ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြီးခဲ့သည့် ဇူလိုင်၃၀ရက်မှစတင်ကာ ဩဂုတ် ၆ ရက်အထိ ရေကြောင့် ဝမ်းရောဂါဖြစ်ပွားသူမှာ ၁၁၃၃၁ ဦးရှိပြီဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ်၇ရက်၌ သတင်းထုတ်ပြန်သည်။**

ဒါကာမြို့ရှိ ဆေးရုံများတွင် ဝမ်းရောဂါနှင့် အခြားကူးစက်ရောဂါတို့ကြောင့် ယခုရက်ပိုင်းအတွင်း သေဆုံးသူဦးရေမှာလည်း တိုးတက်များပြားလာကြောင်း ဖော်ပြထားသည်။

**သတိပေးချက်**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရေလွှမ်းမှုဒဏ်ခံရသောဒေသများတွင် ဝမ်းရောဂါကူးစက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း အာဏာပိုင်များက ကျန်းမာရေးဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

**များပြား**

ဝမ်းရောဂါဖြစ်ပွားသူအရေအတွက် တိုးမြင့်လာရမှုမှာ ရေလွှမ်းမှုဒဏ်ခံရသောနေရာ များပြားမှုကြောင့် ဖြစ်ကြောင်း၊ ဝမ်းလျှောရောဂါအပြင် အရေပြားရောဂါများလည်း ဖြစ်ပွားမှုများကြောင်း ၎င်းဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(အင်တာနက်)**

# ဆိုးလ်ဂျီးယား အဓိကအစဉ် စွန့်လွှတ်မည် မဟုတ်ဟု အီရန်သမ္မတ ပြောကြား

**အယ်လ်ဂျီးယာ့စ် ဩဂုတ် ၈**

အီရန်နိုင်ငံသည်ယင်း၏ နျူကလီးယားအစီအစဉ်ကို လက်လျှော့စွန့်လွှတ်မည်မဟုတ်ကြောင်း အိုပက်အဖွဲ့ဝင် အယ်လ်ဂျီးရီးယားနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီးမသွားမီ သမ္မတမာမွတ်အာမက်ဒီနီဂျက်၏ ပြောကြားမှုကို ဩဂုတ်၄ရက်၌ သတင်းဖော်ပြသည်။

အီရန်နိုင်ငံသည် ယင်း နျူကလီးယား ထုတ်ပိုင်ခွင့်ထက်ပို၍ မတောင်းဆိုခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဤအခွင့်အရေးကို လုံးဝအလျှော့ပေးရန် မဖြစ်နိုင်ကြောင်း အယ်လ်ဂျီးရီးယား သတင်းစာ အယ်လ်ဝါတန်နှင့် တွေ့ဆုံမေးမြန်းစဉ် အာမက်ဒီနီဂျက်က အထက်ပါအတိုင်း ပြောကြားခဲ့သည်။

**ကြိုးစားအားထုတ်**

မိမိတို့သည် နိုင်ငံတကာ ဥပဒေဘောင်အတွင်းမှ ကြိုးစားအားထုတ်မှုများကို ဆက်လက် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အီရန်သည် နျူကလီးယားနိုင်ငံ တစ်နိုင်ငံဖြစ်မည်ဟုပြောနိုင်ကြောင်း၎င်းကဆိုသည်။

**အမ်အင်န်အေ၊ရိုက်တာ**

**လမ်းချော်**

**အိန္ဒိယနိုင်ငံမြောက်ပိုင်း ကမ်ပူရာမြို့အနီး၌ ရထားတစ်စင်း လမ်းချော်နေသည်ကို ဩဂုတ် ၇ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

# ရေအားလျှပ်စစ်စီမံကိန်း အင်ဂိုလာ၌ ဆောင်ရွက်

**လူအန်ဒါ ဩဂုတ် ၈**

အင်ဂိုလာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် ဟူအမ်ဘိုပြည်နယ် တောင်ပိုင်းဒေသတွင် ရေအားလျှပ်စစ်စီမံကိန်းကို အမေရိကန်ဒေါ်လာ ၁၅၈သန်း ရင်းနှီးမြှုပ်နှံကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

**ရင်းနှီးမြှုပ်နှံ**

ယခင်တစ်ပတ်က ကျင်းပခဲ့သည့် ဝန်ကြီးများအစည်းအဝေးတွင် စွမ်းအင်နှင့် ရေအားလျှပ်စစ်ဝန်ကြီးဌာနဝန်ကြီး ဖော့တယ်လ်ဟိုဒီဗက်ကွန် စဲလ်လော့စ်က နိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ဆည်တာတမံတည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံရန် သဘောတူညီခဲ့ကြောင်း သတင်းထောက်များသို့ ပြောကြားသည်။

**စိုက်ပျိုး**

ယင်းလုပ်ငန်းစီမံကိန်းကို ဆူနီနီမြစ်ပေါ်အခြေပြု၍ လပေါင်း၃၀အတွင်း အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါ ဆည်တည်ဆောက်ပြီးစီးပါကစိုက်ပျိုးမြေများကိုဆည်ရေသွင်းစိုက်ပျိုးသွားမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၆၇၀ ရှိပြီ

**ဘဂ္ဂဒက် ဩဂုတ် ၈**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ဩဂုတ် ၆ ရက်တွင် အမေရိကန်စစ်ဘက်က ကြေညာသည်။

**သတင်းထုတ်ပြန်**

ဘဂ္ဂဒက်မြို့တွင် ဩဂုတ် ၅ရက်က ဖြစ်ပွားသည့် သီးခြားတိုက်ပွဲ၌ ကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။ ဩဂုတ် ၄ရက်က ဘဂ္ဂဒက်မြို့ အနောက်ပိုင်းတွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါ ကြေညာချက်၌ သတင်းထုတ်ပြန်သည်။

**ဖော်ပြ**

ကျန်ရှိသော တပ်ဖွဲ့ဝင်တစ်ဦးအား ကြေညာချက်ထုတ်ပြန်မထားကြောင်း၊ အီရတ်စစ်ပွဲစတင်ကတည်းက အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၆၇၀ ရှိသွားပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



9-8 (10) 1 8/9/07, 1:43 AM

## သာသနာဒီပသဲအင်းဂူ ဝါတွင်းတရားစခန်း

ရန်ကုန် ဩဂုတ် ၈

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် သာသနာဒီပသဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တွင် လစဉ်ကျင်းပလျက်ရှိသော အထူးအဓိဋ္ဌာန် ၁၀ရက်တရားစခန်းကို ဩဂုတ် ၁၄ ရက်မှ ၂၃ ရက် (ဝါခေါင်လဆန်း ၁ရက်မှ ၁၀ရက်)အထိ မူလသဲအင်းဂူဆရာတော်ကြီး၏ဥပနိဿယအတိုင်း ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ပိုင်း)၊ ဘဒ္ဒန္တဇဋိလ (ရန်မျိုးအောင်)၊ ဘဒ္ဒန္တသီရိန္ဒ(သာသနာဒီပ)ဆရာတော်ကြီးများက ဟောကြားပြသမည်ဖြစ်သည်။

တရားအားထုတ်လိုသူများ ဩဂုတ် ၁၃ရက် (ဒုတိယ ဝါဆိုလကွယ်နေ့) ညနေ ၅နာရီ အရောက်လာကြရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲကို အလှူရှင်များ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၇၀၉၈၉၁သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၃၅၂)**



**ဗဟန်းမြို့နယ် တောင်ကြီးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဥတ္တမအား ဦးထိပ်ပန်ဆင်၍ ရန်ကုန်မြို့ရှိ ပအိုဝ်းကျောင်းများမှဆရာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၉ ရက်က ဗဟန်း ၁ လမ်းရှိ ပအိုဝ်းအမျိုးသားဓမ္မာရုံ၌ကျင်းပရာ ဆရာတော်ကြီးအား အသင်းသူအသင်းသားများက စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ကြစဉ်။** (က–ပ)

## ပိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၈

၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလကွယ်နေ့(ဩဂုတ်၁၃ရက်)တနင်္လာနေ့ မွန်းလွဲ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ဦးစီးပဓာန နာယက၊ တိပိဋကရေဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)အရှင်သူမြတ်နှင့် ညနေ ၃ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မဟာဂန္ထဝါစကပဏ္ဍိတ မကွေးတိုင်း ပွင့်ဖြူမြို့နယ် ရွှေစေတီပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တကုဏ္ဍလ အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်းကောင်း၊ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် သီရိမင်္ဂလာကျောင်းမှ ဦးပညေယျ အရှင်သူမြတ်က ဥပုသ်သီလပေးတရားတော်များကိုလည်းကောင်း ပိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်တော်မူမည်ဟု သိရသည်။ **(က–ပ)**

## ဒီပဲယင်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၈

ဒီပဲယင်းမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို(ဒုတိယအကြိမ် ဝါဆိုလပြည့်ကျော် ၆ ရက်) ဩဂုတ် ၄ရက်(စနေနေ့)နံနက် ၈ နာရီခွဲတွင် ငါးထပ်ကြီးဘုရားဝင်းအတွင်းရှိ ငါးထပ်ကြီးကျောင်းတိုက်၌ ကျင်းပရာ ရှေးဦးစွာဒီပဲယင်းမြို့နယ်သူ၊ မြို့နယ်သားများ အသင်းဝင်များ၊ ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ပုညသုခကျောင်း ဆရာတော် ဘဒ္ဒန္တဇောတိကထံမှ ငါးပါးသီလ ဆောက်တည်ကြသည်။ ဆက်လက်၍ အလှူရှင်များက ဆရာတော်သံဃာတော်များအားလှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းကြပြီး **(အပေါ်ပုံ)** ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။ ထို့နောက် ငါးထပ်ကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဝါယမ ဓမ္မကထိကဗဟုဇနေဟိတရေထံမှရေစက်သွန်းချ အမျှပေးဝေစေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီးအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပဲခူးမြို့နေ ဆွမ်းအလှူရှင်ဦးဗိုလ်ဝင်း–ဒေါ်ချိုချိုမာ၊ သားမောင်ကောင်းစံဝင်း၊ သမီး မကောင်းဆုဝင်း၊ သားမောင်အောင်ခန့် မော်မိသားစုတို့က သံဃာတော်အပါး ၅၀ တို့အား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(က–ပ)**



## စမ်းချောင်းလမ်းတရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၈

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာအကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဩဂုတ် ၁၅ ရက်မှ ၂၄ ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်၂၉(ဒုတိယလွှာ)တွင် မွန်းတည့်၁၂နာရီမှညနေ၅နာရီအထိ နေ့စဉ် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆိုလာရောက်အားထုတ်နိုင်ပြီး ဖုန်း–၅၁၉၀၉၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

**ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ် ဦးလွန်းမောင် လမ်းသွယ် (၃)နေ ဦးမျိုးခင်(ခေတ္တ ယူ၊အက်စ်၊အေ)က သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)




## မိုးလေဝသအခြေအနေ

(၉–၈–၂၀၀၇)

**နေပြည်တော်**

နေပြည်တော်နှင့်အနီးတစ်ဝိုက် နေရာကွက်ကျား မိုးရွာမည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မိုးအသင့်အတင့်ရွာမည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက် နေရာကွက်ကျားမိုးရွာမည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်

(၈–၈–၂၀၀၇)

| | |
|---|---|
| နေပြည်တော် | ဝ ဒသမ ၁၂ လက်မ |
| သံတွဲ | ၉ ဒသမ ၄၅ လက်မ |
| စစ်တွေ | ၅ ဒသမ ၈၇ လက်မ |
| ကျောက်ဖြူ | ၅ ဒသမ ၂၇ လက်မ |
| မုဒုံ | ၄ ဒသမ ၃၀ လက်မ |
| ထားဝယ် | ၂ ဒသမ ၈၄ လက်မ |

## အမရပူရမြို့နယ်၌ ရေကြီး ဟင်္သာတမြို့နယ်အတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်ကျော်လွန်

နေပြည်တော် ဩဂုတ် ၈

ဧရာဝတီမြစ်ရေနှင့် ဒုဋ္ဌဝတီမြစ်ရေ မြင့်တက်မှုကြောင့် ယခုရက်ပိုင်းတွင် မန္တလေးတိုင်း အမရပူရမြို့နယ် ဦးပိန်တံတား၌ တောင်သမန်ကန်ရေ မြင့်တက်လာပြီးတံတား၏ကြမ်းခင်းအထိရေရောက်ရှိထိစပ်လျက်ရှိကြောင်း တံတားပေါ်ရှိ နားနေဇရပ်ဆောင်ရှစ်ဆောင်အနက်ကျီးပင်ခေါင်းကျောင်းဇရပ်မှာ အနိမ့်ပိုင်းတွင်ရှိသဖြင့် ရေအမြင့်ခြောက်လက်မခန့် ကျော်လျက်ရှိကြောင်း သိရှိရသည်။

**ခေတ္တပိတ်ထား**

ထို့အပြင် အမရပူရမြို့နယ် တောင်သမန်ကျေးရွာရှိ ရတနာပုံ တက္ကသိုလ်ဝင်းအတွင်း ဧရာဝတီမြစ်ရေနှစ်ပေမှ လေးပေခန့်အထိ ရောက်ရှိနေကြောင်း၊ တောင်သမန်ကန်ပတ်လမ်း (ရတနာပုံတက္ကသိုလ်သွားလမ်း) မြဘယက်ဘုန်းကြီးကျောင်းအနီး ကတ္တရာလမ်းမပေါ်တွင် ရေအမြင့်နှစ်ပေမှ လေးပေအထိ ရေကျော်လျက်ရှိကြောင်း၊ ရေများဝင်ရောက်မှုကြောင့် ကျောင်းကိုခေတ္တပိတ်ထားရကြောင်း သိရသည်။

ဧရာဝတီတိုင်း ဟင်္သာတခရိုင်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေကြီးမြင့်မှုဖြစ်ပေါ်လျက်ရှိရာ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ လေးမျက်နှာမြို့နယ်၊ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်နှင့် အင်္ဂပူမြို့နယ်တို့၌ စိုးရိမ်ရေအမှတ်ထက်ကျော်လွန်ရောက်ရှိနေကြောင်း၊ ဟင်္သာတခရိုင်အတွင်း မြို့နယ်များ၌ မြစ်ရေကြီးမှုကြောင့် တာကျိုးမှုမဖြစ်စေရေး၊ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးအတွက်တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

## လသားအရွယ်ကလေးငယ်များအား နို့မှုန့်တိုက်ကျွေးခြင်းမပြုလုပ်သင့်

လန်ဒန် ဩဂုတ် ၈

**လသားအရွယ် ကလေးငယ်များအား နို့မှုန့်တိုက်ကျွေးခြင်းသည် ဆေးလိပ်၊ ဆေးရွက်ကြီးကဲ့သို့ပင် အန္တရာယ်ရှိကြောင်း ဗြိတိန်နိုင်ငံမှ သုတေသနပညာရှင်များက သတိပေးလိုက်သည်။**

**မိခင်နို့တိုက်ကျွေး**

ကလေးငယ်များ မွေးဖွားပြီး ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးသင့်ပြီး အခြားဖြည့်စွက်အစာများနှင့် နို့မှုန့်များကို မတိုက်ကျွေးသင့်ကြောင်းယူနီဆက်ဖ်နှင့် ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။



**ဆိုးကျိုးဖြစ်ပေါ်**

နို့မှုန့်ထုတ်လုပ်သော ကုမ္ပဏီများအနေဖြင့်အရည်အသွေး စစ်ဆေးမှုတိကျမှုမရှိခြင်း၊ ကြာရှည်ခံရန် ဓာတုပစ္စည်းများအသုံးပြုခြင်းတို့သည် ကလေးငယ်များအား ဆေးလိပ်သောက် သုံးခိုင်းခြင်းကဲ့သို့ ဆိုးကျိုးများဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းတို့ကပြောကြားသည်။ ထို့ကြောင့် ခြောက်လအရွယ်အထိ ကလေးငယ်များအား နို့မှုန့်တိုက်ကျွေးခြင်းကို တားမြစ်သင့်ကြောင်း၊ မိဘများကလည်း လိုက်နာရန်လိုအပ်ကြောင်း၊ အထူးသဖြင့် မိခင်များအနေဖြင့် အလွယ်တကူနို့မှုန့်တိုက်ကျွေးခြင်း မပြုလုပ်သင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။ **(အင်တာနက်)**

## ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်မည်

နေပြည်တော် ဩဂုတ် ၈

**၂၀၀၇ ခုနှစ် ဩဂုတ် ၁၃ရက်မှ ၁၆ရက်အထိ ကာလ အတွင်း ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ၁ ပေခန့်မှ ၂၀ ဒသမ ၅ ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က သတိပေးအကြောင်းကြားထားကြောင်းသတင်းရရှိသည်။** (သတင်းစဉ်)



**အထက(၃)သန်လျင်၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၅ရက်ကကျင်းပရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရှင် မောင်အောင်ထွန်းဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းရီက ဆုချီးမြှင့်စဉ်။** (က–ပ)



အမျိုးသား (ခ)အုပ်စုတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း၏ ရိုက်ချက်ကို တနင်္သာရီတိုင်းအသင်းက ပိတ်ဆို့ထားစဉ်။ (မြန်မာ့အလင်း)

# ပြည်နယ်နှင့်တိုင်း အမျိုးသား အမျိုးသမီး လူငယ်ဘော်လီဘောပြိုင်ပွဲဆက်လက်ကျင်းပ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၈

**အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် (၁၃) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၈)နှစ်နှင့်အောက် အမျိုးသား အမျိုးသမီး လူငယ်ဘော်လီဘောပြိုင်ပွဲများကို ယနေ့နံနက် ၈နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပသည်။**

အမျိုးသား(က)အုပ်စုတွင် မန္တလေးတိုင်းအသင်းက ပဲခူးတိုင်းအသင်းကို သုံးပွဲ–ပွဲမရှိဖြင့် အနိုင်ရရှိသွားသည်။ (က)အုပ်တွင် မန္တလေးတိုင်းအသင်းသည် သုံးပွဲကစား သုံးပွဲနိုင်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်ယှဉ်ပြိုင်လျက်ရှိသည်။ အဆိုပါအုပ်စုတွင် ယမန်နှစ်ချန်ပီယံ မကွေးတိုင်းအသင်းက ဧရာဝတီတိုင်းအသင်းကို သုံးပွဲ–ပွဲမရှိဖြင့် အနိုင်ရရှိသွားသည်။

## အမျိုးသား (ခ)အုပ်စု

အမျိုးသား(ခ)အုပ်စုတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းက တနင်္သာရီတိုင်းအသင်းကို သုံးပွဲ–ပွဲမရှိဖြင့် အနိုင်ရရှိပြီး (ခ)အုပ်စုတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းသည် သုံးပွဲကစား သုံးပွဲနိုင်ဖြင့် အုပ်စုဗိုလ်စွဲကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ စစ်ကိုင်းတိုင်းအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲ–ပွဲမရှိဖြင့် အနိုင်ရရှိပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

## အမျိုးသမီး (ခ)အုပ်စု

အမျိုးသမီး(ခ)အုပ်စုတွင် ယမန်နှစ် ဒုတိယရရှိထားသော ကယားပြည်နယ် အသင်းက မန္တလေးတိုင်းအသင်းကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး သုံးပွဲ–တစ်ပွဲဖြင့်အနိုင်ရရှိသွားသည်။ ရန်ကုန်တိုင်းအသင်းက စစ်ကိုင်းတိုင်း အသင်းကို သုံးပွဲ–ပွဲမရှိဖြင့်အနိုင်ရရှိသွားသည်။ ကယားပြည်နယ်အသင်းသည် သုံးပွဲကစား သုံးပွဲနိုင်ဖြင့် အုပ်စုဗိုလ်စွဲသွားသည်။

## တွေ့ဆုံမေးမြန်း

ပြိုင်ပွဲအပြီးတွင် (က)အုပ်စုမှ မန္တလေးတိုင်း အမျိုးသားအသင်း အုပ်ချုပ်သူဦးထွန်းထွန်းလွင်နှင့် ကယားပြည်နယ်အမျိုးသမီးအသင်း နည်းပြဆရာ ဦးစောမိုင်းဒို (နည်းစနစ်မှူး၊ အား/ကာ)တို့နှင့် တွေ့ဆုံမေးမြန်းရာ ဦးထွန်းထွန်းလွင်က "မိမိတို့အသင်းအား မန္တလေးတိုင်း ခရိုင်ပေါင်းစုံပြိုင်ပွဲမှ လူရွေးချယ်ခဲ့ကြောင်း၊ စုပေါင်းလေ့ကျင့်ချိန် တစ်လရရှိပြီး မိမိအသင်းအနေဖြင့် တစ်သင်းလုံး နားလည်မှုရှိရှိဖြင့် ကစားသွားနိုင်ခဲ့ကြောင်း၊ မိမိအသင်း အုပ်စုတွင်း ပြိုင်ပွဲတွင် ယမန်နှစ်ချန်ပီယံ မကွေးနှင့် နာမည်ကြီး ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းအသင်းတို့နှင့် ခက်ခက်ခဲခဲယှဉ်ပြိုင်ပြီးမှ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း၊ မိမိတို့ယမန်နှစ်က တတိယဆုနှင့်သာ ကျေနပ်ခဲ့ရသော်လည်း ယခုနှစ်တွင် ဗိုလ်လုပွဲ ယှဉ်ပြိုင်ရန် ဆုံးဖြတ်ထားကြောင်း" မြန်မာ့အလင်းသတင်းအဖွဲ့ကို ရှင်းပြသည်။

## သယ်ဆောင်သွားလို

ကယားပြည်နယ်အသင်း နည်းပြဆရာ ဦးစောမိုင်းဒိုက "မိမိအသင်း လူရွေးချယ်ရာတွင် ခရိုင်ပေါင်းစုံပြိုင်ပွဲမှ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကယား၊ ပဒေါင်း၊ ဒီမောဆိုမြို့နယ်များမှ အကောင်းဆုံးအားကစားသမားများကို ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး လူဟောင်းသုံးဦးသာပါဝင်ပြီး မျိုးဆက်သစ်လူငယ်များဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း၊ မိမိတို့ (ခ)အုပ်စုတွင် နာမည်ကြီး မန္တလေး၊ ရန်ကုန်တို့ကို ခက်ခက်ခဲခဲကစားပြီးမှ အနိုင်ယူခဲ့ခြင်းဖြစ်ပြီး ဗိုလ်လုပွဲအဆင့်အထိ တက်လှမ်းနိုင်မည်ဟု ယုံကြည်ပြီး ဒိုင်းဆုကြီးကို မိမိတို့ပြည်နယ်သို့ သယ်ဆောင်သွားလိုကြောင်း" ရှင်းပြသွားသည်။

## ယှဉ်ပြိုင်မည်

ဩဂုတ် ၉ ရက် **(ယနေ့)** နံနက် ၉နာရီတွင် အမျိုးသား(က)အုပ်စုမှ မကွေးတိုင်းနှင့် မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းအသင်းတို့ အုပ်စုတွင်း နောက်ဆုံးပွဲများအဖြစ် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

# ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းအနိုင်ရရှိ

**နေပြည်တော် ဩဂုတ် ၈**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်(၂၁)ကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

**ပေါင်းလောင်းအားကစားကွင်း ညနေ ၄ နာရီ (ဂဂ)အုပ်စု**

| | |
|---|---|
| **ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်း** | **၁၀ ဂိုး။** |
| **ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း** | **ဂိုးမရှိ။** |

အဆိုပါဘောလုံးပြိုင်ပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်းအမှုထမ်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဩဂုတ် ၉ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ (ဂဂ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(က–ပ)

# မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

## အာဆီယံရဲတပ်ဖွဲ့ဝင်အသင်းများ ဘောလုံးပြိုင်ပွဲ မြန်မာနှင့်ဗီယက်နမ် ယနေ့ယှဉ်ပြိုင်ကစားမည်

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အနှစ်(၄၀)ပြည့်အထိမ်းအမှတ်နှင့် ဗီယက်နမ်နိုင်ငံရဲတပ်ဖွဲ့ (၆၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် အာဆီယံရဲတပ်ဖွဲ့ဝင် ဘောလုံးအသင်းများ ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့နှင့် နန်ဒင်းမြို့တို့၌ ဇူလိုင်၃၁ရက်မှ ဩဂုတ်၁၅ရက်အထိ ကျင်းပလျက်ရှိသည်။

ဩဂုတ် ၉ ရက် **(ယနေ့)** ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ Hang Day Stadium၌ အုပ်စု(က)ပွဲစဉ်အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းနှင့် ဗီယက်နမ်ရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းသည် မလေးရှားရဲတပ်ဖွဲ့အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး လာအိုရဲ တပ်ဖွဲ့အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဗီယက်နမ်ရဲတပ်ဖွဲ့အသင်းသည် မလေးရှားရဲတပ်ဖွဲ့အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိထားကြောင်း သိရသည်။

## အာဆီယံ(ယူ–၂၀) ဘောလုံးပြိုင်ပွဲ တတိယလုပွဲ မြန်မာလူငယ်နှင့်ထိုင်းလူငယ် ယနေ့ယှဉ်ပြိုင်မည်

အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF) ကကြီးမှူး၍ တတိယအကြိမ် အာဆီယံ အသက်(၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ Thah Long Sports Complex ၌ ဇူလိုင်၃၁ရက်မှစတင်၍ ကျင်းပလျက် ရှိရာ ဩဂုတ်၇ရက်က အကြိုဗိုလ်လုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်သည်။

ဩဂုတ်၉ရက်**(ယနေ့)**တွင် တတိယနေရာလုပွဲနှင့် နောက်ဆုံး ဗိုလ်လုပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ မြန်မာစံတော်ချိန်ညနေ ၃နာရီတွင် တတိယနေရာလုပွဲအဖြစ် မြန်မာလူငယ်အသင်းနှင့် ထိုင်းလူငယ်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၅နာရီခွဲတွင် နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဗီယက်နမ်လူငယ်အသင်းနှင့် မလေးရှားလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဩဂုတ်၇ရက်က အကြိုဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ ပထမအကြိုဗိုလ်လုပွဲစဉ်၌ အိမ်ရှင်ဗီယက်နမ်လူငယ်အသင်းက မြန်မာလူငယ်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲစဉ်၌ မလေးရှားလူငယ်အသင်းက ထိုင်းလူငယ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ကိုထွေး - စုစည်းတင်ပြသည်

**ရန်ကုန် ဩဂုတ် ၈**

## မြန်မာလေှလှော်အားကစားအဖွဲ့ ဂျာမနီ၌လေ့ကျင့် အပြည်ပြည်ဆိုင်ရာလှေလှော်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်

ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ဇူလိုင် ၂၆ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ပူးတွဲလှေလေ့ကျင့်မှုနှင့် အပြည်ပြည်ဆိုင်ရာလှေလှော်ပြိုင်ပွဲ၌ မြန်မာလှေလှော်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ကာ လှေပူးတွဲလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာလှေလှော်အားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးဖေဝင်း (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်)၊ အမျိုးသမီး လှေလှော်အားကစားသမားများအဖြစ် ရွှေဇင်လတ်(စက်မှု–၂)၊ မြင့်မြင့်ထွေး (ဆောက်လုပ်ရေး)၊ သန်းသန်းနွယ် (မွေးမြူရေးနှင့် ရေလုပ်ငန်း)နှင့် မြင့်မြင့်ဦး(မွေးမြူရေးနှင့် ရေလုပ်ငန်း)တို့ ပါဝင်ကြသည်။

ဂျာမနီနိုင်ငံ ဒုစဘတ်မြို့၌ ဩဂုတ် ၃ ရက်မှ ၁၃ ရက်အထိ ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်ပြိုင်ပွဲ၌လည်း အသင်းခေါင်းဆောင် Dr. Boris Polyakov (ရုရှားကနူး၊ ကယက် လှေလှော်နည်းပြ)နှင့်အတူ အမျိုးသားလှေလှော်အားကစားသမားများ ဖြစ်ကြသော ဝင်းထိုက်၊ စောစတေဖာနူး၊ ခင်မောင်မြင့်နှင့် နော်အားလယ်လားရီးတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

## တက္ကသိုလ်အားကစား သမားဟောင်းများ အာစရိယပူဇော်ပွဲ

**တက္ကသိုလ် အားကစားဆရာဟောင်းများအား တက္ကသိုလ်အားကစားသမားဟောင်းများ၏ အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် အကြိုတွေ့ဆုံညှိနှိုင်းပွဲကို ဩဂုတ် ၁၂ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း အမှတ် (၅)ဂိတ်ရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ကျင်းပမည်ဖြစ်ရာ တက္ကသိုလ်အားကစားသမားဟောင်းများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။**

**အာစရိယပူဇော်ပွဲ အကြိုတွေ့ဆုံပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဦးကျော်ဦး (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်) ဖုန်း–၀၉–၅၁၃၄၃၁၀နှင့် ဖုန်း–၅၅၇၄၃၇ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။**

## အပြည်ပြည်ဆိုင်ရာရွက်လှေပြိုင်ပွဲ မြန်မာရွက်လှေအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်

နယ်သာလန်နိုင်ငံတွင် ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ဥရောပသက်ငယ်တန်းတံခွန်စိုက် ရွက်လှေပြိုင်ပွဲ(၂၀၀၇)Int'l 420 Junior Europeans Championship တွင် မြန်မာ့လက်ရွေးစင်ရွက်လှေအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့တွင် အသင်းခေါင်းဆောင်အဖြစ် ဦးမင်းဇော်(မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်၏ လှေများတာဝန်ခံ)၊ နည်းပြအဖြစ် Mr. Callum Mac Donald (အင်္ဂလန်)၊ အားကစားသမားများအဖြစ် မောင်နေလကျော်၊ မောင်မင်းမင်း၊ မစုစန္ဒာဝေနှင့်၊ မခင်ညိုလင်းတို့ ပါဝင်ကြသည်။ **(အောက်ပုံ)**

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားအဖွဲ့သည် လှိုင်းလေပြင်းထန်သော ပင်လယ်ပြင်အတွေ့အကြုံ ရရှိရေးအတွက် ရည်ရွယ်၍ အဆိုပါပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်ကြောင်းသိရသည်။



ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

# အဲရစ်ဆင်၊ မန်စီးတီးနှင့်ပရီမီယာလိဂ်



မန်စီးတီးကို အောင်မြင်မှုလမ်းကြောင်းပေါ်ရောက်အောင် နည်းပြ အဲရစ်ဆင် ဆောင်ကြဉ်းပေးနိုင်ပါ့မလား။

(ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် ဩဂုတ် ၈**

၂၀၀၇-၂၀၀၈ ဘောလုံးရာသီရဲ့ စိတ်ဝင်စားစရာကောင်းတဲ့ အသင်းတွေထဲမှာတော့မန်စီးတီးအသင်းလည်း ပါဝင်နေပါတယ်။ မန်စီးတီး အသင်းဟာ ပရီမီယာလိဂ်မှာတော့ ပြိုင်ဘက်အသင်းတွေကိုမာမာတင်းတင်းတုံ့ပြန်ကစားတတ်တဲ့ အသင်းအဖြစ် နာမည်ကြီးတဲ့အသင်းလည်းဖြစ်ပါတယ်။

## ပိုင်ဆိုင်

ဒီနှစ်ပရီမီယာလိဂ်မှာ ပိုင်ရှင်အသစ်၊ နည်းပြအသစ်၊ ပြင်ဆင်မှုအသစ်တွေနဲ့အတူ ပရီမီယာလိဂ်ခရီးကြမ်းကို ဖြတ်သန်းတော့မယ့် မန်စီးတီးဟာ ပြိုင်ဘက်အသင်းတွေ ရှိန်သွားစေမယ့် ခြေစွမ်းမျိုးတော့ ပိုင်ဆိုင်ထားပါတယ်။

## ရွေးချယ်

အင်္ဂလန်အသင်းနည်းပြဟောင်း အဲရစ်ဆင်ဟာ မန်စီးတီးကိုဘယ်လိုကိုင်တွယ်သွားမယ်ဆိုတာ အတော်လေး စိတ်ဝင်စားစရာကောင်းတဲ့အချက်ဖြစ်နေပါတယ်။ အဲရစ်ဆင်ဟာ စပိန်နဲ့ ဘွန်ဒက်စ်လီဂါ ကလပ်အသင်းတွေရဲ့ ဖိတ်ခေါ်မှုကိုငြင်းပယ်ခဲ့ပြီး အင်္ဂလန်မြေမှာ အောင်မြင်မှုတွေရအောင် ဖြတ်သန်းဖို့အတွက် မန်စီးတီးကိုရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်လို့ ဆိုပါတယ်။

## မရရှိ

ဘာဖြစ်လို့လဲဆိုတော့ အင်္ဂလန်မြေ၊ အင်္ဂလန်ကလပ်တွေနဲ့ အင်္ဂလန်ပရိသတ်ဟာ သူ့အတွက် စိတ်ဓာတ်အင်အား အများကြီးတိုးပွားစေတဲ့ အရာတွေပဲဖြစ်တယ်လို့ အဲရစ်ဆင်က ပြောကြားနေပါတယ်။ ဒါပေမယ့်နည်းပြအဲရစ်ဆင်လက်ထက်မှာအင်္ဂလန်အသင်းဟာ အောင်မြင်မှုကြီးကြီးမားမား မရရှိခဲ့ပါဘူး။

## ပါဝင်

အင်္ဂလန်နိုင်ငံရဲ့ ဂုဏ်သိက္ခာရှိတဲ့ နိုင်ငံ့ အသင်းနည်းပြ အဖြစ်ကနေပြီး မန်စီးတီးလို ကလပ်အသင်းတစ်ခုကို ကိုင်တွယ်တာဟာ သူ့အပေါ်ဝေဖန်ပြစ်တင်ခဲ့ကြတဲ့ အင်္ဂလန်ဘောလုံး လောကသားတွေကို အောင်မြင်မှုတွေနဲ့အတူ ချေဖျက် သက်သေပြချင်တာလည်း ပါဝင်နေပါတယ်။

## လက်ခံ

ဒါကြောင့်မို့ မန်စီးတီးနည်းပြအဖြစ်တာဝန်ယူခဲ့စဉ်ကတည်းကအသင်းကို စိတ်ကြိုက် ပြုပြင်တည်ဆောက်ခွင့်ရှိတဲ့ အခွင့်အရေးကို တောင်းဆိုခဲ့ပြီးမှ ဒီနည်းပြရာထူးကို အဲရစ်ဆင်လက်ခံခဲ့ခြင်း ဖြစ်ပါတယ်။ အဲရစ်ဆင်ဟာ နွေရာသီ အပြောင်းအရွှေ့ဈေးကွက်မီသလောက်ရက်တွေမှာ ကစားသမားအသစ်တွေကို လျင်လျင်မြန်မြန် ခေါ်ယူခဲ့ပါတယ်။ ဒီလိုခေါ်ယူတဲ့အထဲမှာ စပိန်ကလပ် အက်သလက်တီကို အသင်းက ဘူလ်ဂေးရီးယားတောင်ပံတိုက်စစ်မှူး ပီထရော့ဗ်ကို ပေါင်၄ဒသမ ၇သန်းနဲ့ ခေါ်ယူခဲ့တာဟာ အသင်းတိုက်စစ်အတွက် အရေးပါတဲ့ခြေလှမ်းတစ်လှမ်းပါပဲ။

## ကျော်ဖြတ်နိုင်

ပီထရော့ဗ်ဟာ တောင်ပံကစားကွက်ကို ကျွမ်းကျွမ်းကျင်ကျင် ကစားနိုင်သူဖြစ်ပြီး တစ်ဖက်အသင်းခံစစ်မှူးတွေကို အံ့အားသင့်အောင် ကျော်ဖြတ်နိုင်တဲ့ အသက်၂၈နှစ်အရွယ်ရှိတဲ့ ကစားသမားတစ်ဦးပါပဲ။

## ခေါ်ယူနိုင်ခဲ့

အဲရစ်ဆင်အနေနဲ့ နောက်ထပ်ခေါ်ယူခဲ့တဲ့ ကစားသမားတွေကတော့ ရက်ဂျီးနားအသင်းက ဘီယန်ချီ၊ ဘရာဇီး ကွင်းလယ်ကစားသမား ဂျီယိုဗန်နီတို့ဖြစ်ပြီး ဆွစ်ဇာလန် အသက်၂၁နှစ်အောက် ဘောလုံးအသင်းခေါင်းဆောင် ဂျယ်ဆင်ဖာနန်ဒတ်ကိုလည်း ရအောင် ခေါ်ယူနိုင်ခဲ့ပါတယ်။

ဒီလို ကစားသမား အသစ်တွေ ခေါ်ယူစုစည်းခဲ့တဲ့အဲရစ်ဆင်ဟာ မန်စီးတီးကလပ်ပိုင်ရှင်အသစ်က ဘောလုံးသမားအသစ် ခေါ်ယူဖို့ ဒေါ်လာသန်း ၅၀ ခွင့်ပြုပေးလိုက်တာကြောင့် သူ့စိတ်တိုင်းကျ နိုင်ငံတကာ ဘောလုံးသမားတွေကို ခေါ်ယူနိုင်ခဲ့ပါတယ်။

## စာချုပ်နိုင်

ဒီလိုခေါ်ယူခဲ့တဲ့အထဲမှာ ရေဆင်းကလပ်ရဲ့ ဆားဘီးယား တိုက်စစ်မှူး ဇီဂျစ်ကို ပေါင်၁၃သန်းနဲ့ခေါ်ယူခဲ့သလို နယူးကာဆယ်အသင်းရဲ့ ကွင်းလယ်ကစားသမား ကီယွန်ဒိုင်ယာကိုလည်း ခေါ်ယူဖို့ ဆွေးနွေးနေတာ စာချုပ်နိုင်တော့မယ်လို့ ဆိုပါတယ်။

## ပြောကြား

မန်စီးတီးအသင်းဟာ လာမယ့်ပရီမီယာလိဂ်မှာ အကောင်းဆုံး လေးသင်း စာရင်းဝင် ရောက်နိုင်အောင်ကြိုးစားသွားမှာဖြစ်ပြီး မန်စီးတီးရဲ့ ခြေစွမ်းကို ပြိုင်ဘက်တွေ အံ့အားသင့်စေရမယ်လို့နည်းပြအဲရစ်ဆင်က ပြောကြားနေပြီ ဖြစ်ပါတယ်။

## စိတ်ဝင်စား

မန်စီးတီးအသင်းဟာ အသွင်သစ်၊ လူသစ်၊ အခင်းအကျင်းအသစ်တွေနဲ့ ပွဲထွက်လာမှာမို့ အဲရစ်ဆင် စိတ်ကြိုက်ဖွဲ့စည်းထားတဲ့အသင်းဟာ အင်္ဂလန်မြေမှာဘယ်အတိုင်းအတာအထိ အောင်မြင်မှု ရရှိမယ်ဆိုတာကလည်း စိတ်ဝင်စားစရာ ကောင်းနေပါတယ်။

မန်စီးတီးဟာ အစဉ်အလာကောင်းတဲ့အသင်းဖြစ်ပြီး ပြိုင်ဘက် အသင်းတွေရဲ့ အလေးထားမှုခံရတဲ့ အသင်းဖြစ်တဲ့အပြင် နည်းပြအဲရစ်ဆင်ရဲ့ ကိုင်တွယ်မှုဟာ ဘယ်လောက်အထိ စွမ်းဆောင်မှုပေးနိုင်မယ်ဆိုတာ စိတ်ဝင်စားဖွယ်ရာ တွေ့မြင်ရတော့မှာဖြစ်ပါကြောင်း။ ။

**(ကိုးကား-အင်တာနက်)**

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

# အင်္ဂလန်နောက်တန်းလူ ကာရေဂါ လက်ရွေးစင်အဖြစ်မှအနားယူဖွယ်ရှိ



**အင်္ဂလန် နောက်တန်းလူ ကာရေဂါ။**

(ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် ဩဂုတ် ၈**

လီဗာပူးနောက်တန်းကစားသမားကာရေဂါအားအင်္ဂလန်အသင်းလက်ရွေးစင်အဖြစ်မှ အနားမယူရန် ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း နည်းပြမက်ကလာရင်က ပြောကြားလိုက်သည်။

## ထုတ်ဖော်

ကာရေဂါက အင်္ဂလန်အသင်း၌ ပါဝင်ကစားသည့်အခန်းကဏ္ဍမှာ ပြီးဆုံးရန်မလိုတော့ကြောင်း အရိပ်အမြွက်ထုတ်ဖော် ပြောကြားလိုက်သည်။

## ရောက်လာဖွယ်

သို့ရာတွင် ဂျွန်တယ်ရီ၊ လက်ဒလေကင်းနှင့် ဂျိုနသန်ဝုဒ်ဂိတ်တို့သည် ဂျာမနီအသင်းနှင့်လာမည့် ချစ်ကြည်ရေးပွဲတွင်လွဲလိမ့်မည်ဖြစ်ကြောင်း မက်ကလာရင်က ပြောကြားသည်။ မိမိသည် လာမည့်သီတင်းပတ်တွင်ကာရေဂါနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ငင်းသည် အင်္ဂလန်အသင်း၏ အလွန်အရေးကြီးသည့် ကစားသမားဖြစ်ကြောင်း၊ လက်ရှိမိမိ၏ ရည်မှန်းချက်မှာ ကာရေဂါအား အင်္ဂလန်အသင်းတွင် ဆက်လက်ခေါ်ထားရေးပင်ဖြစ်ကြောင်း မက်ကလာရင်က ပြောကြားသည်။ အကယ်၍ ကာရေဂါ အင်္ဂလန်အသင်းကစားသမားအဖြစ်မှ အနားယူသွားလျှင် ပို့စ်မောက်နောက်တန်းကစားသမား ဆိုးလ်ကင်းဘဲလ် အင်္ဂလန်အသင်းသို့ ရောက်ရှိလာဖွယ်ရှိသည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ
မြင့်မောင်စိုး

# ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့မည်မဟုတ်ကြောင်း မိုက်ကယ်ဘောလက် အခိုင်အမာပြောကြား



**ချယ်လ်ဆီး ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်။** (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် ဩဂုတ် ၈**

ချယ်လ်ဆီး ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်က ၎င်းအနေဖြင့် စပိန်ချန်ပီယံ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒမရှိကြောင်း ပြောကြားလိုက်သည်။

## အဆင်ပြေလိမ့်မည်

ဘောလက်သည် ရီးရဲမက်ဒရစ် အသင်းသို့ ပြောင်းရွှေ့လာလျှင် ပိုမိုကောင်းမွန်သည့် ကစားသမားကောင်းတစ်ဦးဖြစ်လာနိုင်ကြောင်း၊ မိမိတို့အသင်းနှင့် ပို၍အဆင်ပြေလိမ့်မည် ဖြစ်ကြောင်း ရီးရဲမက်ဒရစ်နည်းပြ ဘန်းရှူးစတားက ဂျာမန်ရုပ်မြင်သံကြားသို့ ပြောကြားလိုက်သည်။ မိမိသည် ချယ်လ်ဆီး၌သာ ကစားလိုကြောင်း၊ ချယ်လ်ဆီးအသင်းနှင့်အတူ ဖလားများစွာ ရယူလိုကြောင်း မိုက်ကယ်ဘောလက်က ပြောကြားသည်။ မိုက်ကယ်ဘောလက်သည် ချယ်လ်ဆီးအသင်းနှင့် လက်ရှိချုပ်ဆိုထားသော စာချုပ်မှာ ၂၀၁၀ပြည့်နှစ်အထိ ဖြစ်သည်။

## သွင်းယူနိုင်

မိမိသည် အင်္ဂလန်၌ မိသားစုနှင့်အတူ နေထိုင်လျက် ကစားရသည့် ကြေးစားဘောလုံးသမားဘဝကို ကျေနပ်မိကြောင်း ဘောလက်ကဆက်လက်ပြောကြားသည်။ ပြီးခဲ့သည့်နှစ်က ချယ်လ်ဆီးအသင်းအတွက် ပွဲပေါင်း ၂၆ပွဲ ပါဝင်ကစားရာတွင် လေးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

# ဝီဂန်နောက်တန်းကစားသမား အဲဗာတန်အသင်းက ငါးနှစ်စာချုပ်



**လင်တန်ဘိုင်းနက်စ်။**

(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဩဂုတ် ၈

**အဲဗာတန်အသင်းက ဝီဂန်နောက်တန်းကစားသမား လင်တန်ဘိုင်းနက်စ်အား ပေါင်ခြောက်သန်းဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။ အသက်၂၂နှစ်ရှိ အဆိုပါ ဝဲနောက်တန်းကစားသမားအား အဲဗာတန်အသင်းက ငါးနှစ်စာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။ ၎င်းသည် အဲဗာတန်အသင်းက နွေရာသီကာလအတွင်း ခေါ်ယူစာချုပ်ခဲ့သည့်ကစားသမားများတွင် တတိယမြောက်ဖြစ်သည်။ အဲဗာတန်က ကနဦးကာလက ပေါင်လေးသန်းဖြင့် ခေါ်ယူရန်ကြိုးစားခဲ့ခြင်းကို ဝီဂန်အသင်းက ပယ်ချခဲ့သည်။ ဘိုင်းနက်စ်သည် ဆန်းဒါးလန်းအသင်း၏ကမ်းလှမ်းချက်ကို ပယ်ချလိုက်ပြီး အဲဗာတန်အသင်းနှင့် စာချုပ်လိုက်ခြင်းဖြစ်သည်။**

## သဘောတူ

**၎င်းသည် ၂၀၀၂ခုနှစ်က ဝီဂန် အသင်းသို့ရောက်ရှိလာပြီး ပွဲပေါင်း ၁၅၀ကျော် ပါဝင်ကစားပေးခဲ့သည်။ ထို့အပြင် အင်္ဂလန် ယူ-၂၁ အသင်း၌ အသင်းခေါင်းဆောင်အဖြစ် (၁၆)ကြိမ်ပါဝင်ကစားခဲ့သည်။ ဝီဂန်အသင်းသည် ဆန်းဒါးလန်းအသင်းနှင့်လည်း ပေါင်ခြောက်သန်းဖြင့်ရောင်းချရန် သဘောတူညီထားသည်။ သို့ရာတွင် ဘိုင်းနက်စ်၏ဆန္ဒအရ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။** (အင်တာနက်)

## အင်တာနက် အားကစားသတင်း အတိုအထွာ

* **မက္ကဆီကိုမှ ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးအားကစားမယ် လိုရီနာအိုချောသည် ဗြိတိသျှအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။**

* ဘာစီလိုနာကစားသမား မက်ဆီ၏ဖိနပ်တစ်စုံကို ဘာစီလိုနာအသင်း အာရှခရီးစဉ်အဖြစ် လာရောက်ကစားစဉ်အတွင်း ပေကျင်းမြို့၌ ယူရို ၄၀၀၀ဖြင့် လေလံတင်ရောင်းချလိုက်သည်။

* **အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်အား မန်ယူအသင်းက ပွဲဦးထွက်ပွဲဖြစ်သည့် ရက်ဒင်းနှင့်ကစားရာတွင် ထည့်သွင်းကစားနိုင်လိမ့်မည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က ပြောကြားလိုက်သည်။** (အင်တာနက်)



# ထန်းတပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ကျန်းမာရေး ပညာပေးဟောပြောပွဲ ကျင်းပ ကြက်ဆူပင်စိုက်ပျိုး၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်း

တောင်ငူ ဇူလိုင် ၂၀

**ပဲခူးတိုင်း တောင်ငူခရိုင် ထန်းတပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ထန်းတပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါ အကြောင်းသိကောင်းစရာ ကျန်းမာရေးပညာပေးဟောပြောပွဲကို ဇူလိုင် ၁၃ရက်နံနက်ပိုင်းက ကျင်းပရာ သဘာပတိ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နန်းလုံက အဖွင့်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)

ဆက်လက်၍ ဒေါက်တာဒေါ်စီစီဝင်းကသွေးလွန်တုပ်ကွေးအကြောင်း သိကောင်းစရာများနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများ အကြောင်းကို ဟောပြောပြီးအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ကျောင်းအုပ်ဆရာမကြီးဒေါ်အုန်းကြင်ဦးဆောင်သည့် ဆရာ ဆရာမများနှင့်ကျောင်းသူ ကျောင်းသားများကကျောင်းဝင်းအတွင်းအပြင်တွင် ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးခြင်း၊ချုံနွယ်ပင်များခုတ်ထွင်ရှင်းလင်းခြင်းနှင့်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ကြကြောင်းသိရသည်။ (၃၇၂)

# ဖျာပုံပြည်သူ့ဆေးရုံကြီးအတွက် ဆေးနှင့်ဆေးပစ္စည်းများလှူဒါန်း

ဖျာပုံ ဩဂုတ် ၂

**ဖျာပုံခရိုင် ဖျာပုံမြို့ ပြည်သူ့ ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ဒုတိယအကြိမ် ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းပွဲကို ဇူလိုင် ၃၀ရက် နံနက် ၁၁နာရီက ဖျာပုံမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။**



အခမ်းအနားသို့ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဘုန်းမြင့် နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာသီသီဝင်းနှင့် ဆရာဝန်၊ ဆရာမများ၊ မြန်မာနိုင်ငံဆန်ကုန်သည်များအသင်းနာယက ဦးကျင်အောင်-ဒေါ်ခင်နု မိသားစုနှင့် အလှူရှင်များ တက်ရောက်ကြသည်။

**လှူဒါန်း**

အခမ်းအနားတွင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဘုန်းမြင့်က အမှာစကားပြောကြားပြီး အလှူရှင်များ ကိုယ်စားဦးခင်မောင်ဌေးက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ဆန်ကုန် သည်များအသင်းနာယက ဦးကျင်အောင်-ဒေါ်ခင်နုမိသားစု ရန်ကုန်မြို့က ငွေကျပ်လေးသိန်းငါးသောင်းတန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကိုလည်းကောင်း **(အပေါ်ပုံ)** ဦးမြင့်ဆွေ-ဒေါ်ဆန်းမြင့်၊ ဦးမိုးကျော်မြင့်-ဒေါ်ဆွေလှိုင်မြင့် မိသားစုက ဆေးပဒေသာပင်၏အတွက် ငွေကျပ်တစ်သိန်းတစ်သောင်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ခရိုင် အတွင်းရေးမှူးနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးတို့က လက်ခံယူပြီး ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူးက ကျေးဇူးတင် စကားပြန်လည်ပြောကြားသည်။ (၃၇၉)



**မြောင်းမြမြို့ ဘုရားချောင်း ရပ်ကွက် မီတာ ၄၀၀ အားကစားကွင်းအနီး အဝေးပြေးလမ်းမ ဘေးဝဲယာတွင် အင်ဂျင်နီယာ(၂) ဦးတင်နိုင်အေးနှင့်အဖွဲ့ မြေခင်းအလှပြုပြင်ဆောင်ရွက်မှုကို ဇူလိုင် ၂၀ရက်က အမှုဆောင် အရာရှိ ဦးစိုးဝင်းနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်တို့ စစ်ဆေးကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် စည်ပင်)

# မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ မြဝတီ၌ကျင်းပ

**မြဝတီ ဇူလိုင် ၂၀**

မြဝတီခရိုင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင်၆ရက် နံနက် ၇နာရီက မြဝတီမြို့နယ် မြစန္ဒီဂေါက်ကလပ်အတွင်း၌ ကျင်းပရာ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့ပေါ်ရှိ ရပ်ကွက်(၅)ရပ်ကွက်မှ ပြည်သူများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်သို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဝင်းကိုကို၊ ခရိုင်ဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလူ၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်နှင့် တာဝန်ရှိသူများက ကျွန်း၊ ကြက်ဆူ၊ မဟော်ဂနီ၊ ခရေ၊ သပြေ၊ အာသောက၊ အော်ရေးရှား၊ မယ်ဇလီ၊ စွယ်တော်၊ ဗာဒံ၊ စိန်ပန်းစသည့် အပင်ပေါင်း ၂၅၀၀ ကို စိုက်ပျိုးခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

# စစ်ကိုင်းတိုင်း စံပြခြံစည်းရိုးကြက်ဆူစိုက်ခင်း လျာထားစိုက်ဧက ၅၀၀၀၀ ဌာနဆိုင်ရာများစိုက်ပျိုး

**မြင်းမူ ဇူလိုင် ၁၂**

*မြင်းမူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်မြင့်မြင့်သန်း ဦးဆောင်သော မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင် ၄ရက်က မုံရွာ-ယာကြီး-ကလေးဝ မော်တော်ကားလမ်းဘေးရှိ စစ်ကိုင်းတိုင်း စံပြခြံစည်းရိုးကြက်ဆူစိုက်ခင်းအထူးဇုန် (၁)သို့ မော်တော်ယာဉ်များဖြင့် သွားရောက်လေ့လာကြသည်။*

*ရွှေဦးစွာ အနောက်မြောက်တိုင်း စစ်ဌာနချုပ် စံပြ ခြံစည်းရိုး ကြက်ဆူစိုက်ခင်း ၁၁၅ဧကသို့ လေ့လာရာ တာဝန်ခံက သိရှိလိုသည့် အချက်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး တင်ဝင်းထွန်းကုမ္ပဏီကစိုက်ပျိုးထားသည့် စံပြ ခြံစည်းရိုး ကြက်ဆူ ၂၄၆ ဧကသို့ လေ့လာရာ စိုက်ခင်းမန်နေဂျာ ဦးတင်မောင်အေးက မြေပြုပြင်မှု၊ ပျိုးထောင်မှု၊ စိုက်ပျိုးမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။*

*ထို့နောက် မုံရွာ စက်မှုဇုန် စံပြခြံစည်းရိုး ကြက်ဆူစိုက်ခင်း ဧက ၁၀၀နှင့် အကျဉ်းဦးစီးဌာန စံပြခြံစည်းရိုး ကြက်ဆူစိုက်ခင်း ဧက ၁၀၀တို့ကို လေ့လာရာ တာဝန်ရှိသူများက သိလိုသည့် အချက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။*

*အဆိုပါ စစ်ကိုင်းတိုင်း စံပြ ခြံစည်းရိုး ကြက်ဆူစိုက်ခင်း အထူးဇုန် (၁)တွင် လျာထားစိုက်ဧက ၅၀၀၀၀ ရှိရာတိုင်းအဆင့်ဌာနဆိုင်ရာများနှင့် တပ်ရင်း၊တပ်ဖွဲ့များက တာဝန်ယူစိုက်ပျိုးကြသည်။* ***(မြို့နယ် ပြန်/ဆက်)***

# စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး စာဖတ်ပွဲများ ကျိုက်လတ်မြို့၌ ကျင်းပ

ကျိုက်လတ် ဇူလိုင် ၂၀

**ကျိုက်လတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဇူလိုင် ၁၂ရက် နံနက် ၁၀နာရီက တုံးလှဲအထနီကျေးရွာ၌လည်းကောင်း၊ မွန်းလွဲ ၂နာရီက ဒေါပုံကျေးရွာ၌လည်းကောင်း စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့် စာဖတ်ပွဲကို ကျင်းပသည်။**

အခမ်းအနားတွင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုသန့်က စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့် စာဖတ်ပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာဖတ်ပွဲကျင်းပရာ တုံးလှဲအထနီကျေးရွာ ဥက္ကဋ္ဌဦးလှိုင်မင်းစိုးက စာရေးဆရာချစ်နိုင် (စိတ်ပညာ) ရေးသားသည့်ပညာရှာခြင်းအလုပ် ခေါင်းစဉ်ပါဆောင်းပါးကိုလည်းကောင်း၊ ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်သိန်းကြည်က စာရေးဆရာ ဖေမြင့် ရေးသားသော ဇွဲ ဆောင်းပါးကိုလည်းကောင်း၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်မာမာစန်းက ဒို့ကျေးရွာဂျာနယ်ပါ မြန်မာအမျိုးသမီးများနှင့်အမျိုးစောင့်တရား ဆောင်းပါးကိုလည်းကောင်း၊ ကျေးရွာကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးတင်ဌေးက စာရေးဆရာ ချစ်နိုင် (စိတ်ပညာ) ရေးသားသည့် တာဝန်သိခြင်းဆောင်းပါးကိုလည်းကောင်း၊ ဒေါပုံကျေးရွာဥက္ကဋ္ဌ ဦးမြသိန်းထွန်းက စာရေးဆရာချစ်နိုင် (စိတ်ပညာ) ရေးသားသည့် ဝတ္တရားနှင့် အညီ ဆောင်းပါးကို လည်းကောင်း ဖတ်ကြားဆွေးနွေးသည်။

**(မြို့နယ် ပြန်/ဆက်)**



**ငပုတောမြို့နယ်စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး အတွက် ဇူလိုင် ၁၅ ရက်က မြောက်ပိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်းဘေး ရေမြောင်းတူးဖော်ခြင်းကို အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်စိုးတို့ ကြီးကြပ်ပေးစဉ်။**

(မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)



**ဆုချီးမြှင့်**

**ကျောက်တန်းမြို့ အထက-၂ (သော်ကကျောင်း) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကြည်ဝင်းက ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မနီလာနိုင်အား ဆုချီးမြှင့်စဉ်။** (၁၀၉)

**ကျိုင်းတုံမြို့ လွယ်မွေ လမ်းဘေး ရေမြောင်း ရေစီး ရေလာ ကောင်း မွန် ရေး အတွက် နုန်းများ၊ အမှိုက်များ ဆယ်ယူခြင်း ကို ဇူလိုင် ၁၆ရက်က အ မှု ဆောင် အရာရှိ ဦး ခင် ကျော် ကြီးကြပ် ဆောင် ရွက်စဉ်။**
(မြို့နယ်စည်ပင်)






မိဘများဖြစ်ကြသော အငြိမ်းစား မီးရထားမင်းကြီး အတွင်းဝန်ဝဏ္ဏကျော်ထင်ဦးထွန်းစံ-ဒေါ်ခင်ညွန့်၊ ဦးဝမ်း-ဒေါ်ပု၊ ညီ မောင်အေးမောင်၊ သား မောင်ထွန်းထွန်းဝင်းတို့အား ရည်စူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၅ ရပ်ကွက် ဗိုလ်ဉာဏ ၁ လမ်း အမှတ်၁၈နေ ဗိုလ်မှူး သိန်းထွန်း(ငြိမ်း)-ဒေါ်ရင်မေ(သမီး)၊ ဗိုလ်ကြီးထိန်လင်း၊ မစန္ဒာထွန်း၊ မြေး သန့်သီဟထွန်း၊ အောင်နိုင်လင်းမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကရေ တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်လေးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသုတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ကျေးလက်စက်ရေတွင်း ရေရှည်အသုံးပြုနိုင်ရေး ထိန်းသိမ်းနည်းဆွေးနွေး

မြင်းခြံ ဇူလိုင် ၂၄

မြင်းခြံမြို့နယ်တွင် ကျေးလက်စက်ရေတွင်းများ စဉ်ဆက်မပြတ်ကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် ကျေးလက်စက်ရေတွင်းများ ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်း ပညာပေးဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိရာ ဇူလိုင် ၁၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)(စက်မှု) ဦးလင်းလင်းထွန်းနှင့် ဦးမြအေးတို့က ကုက္ကဲကျေးရွာအုပ်စုတွင် ကျေးလက်စက်ရေတွင်းများ ရေရှည်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်နည်းနှင့် ကျေးရွာရေကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။**(မြို့နယ်စည်ပင်)**



**အမှတ် (၁)ရေနံချက်စက်ရုံ(သန်လျင်)၏ ပထမအကြိမ် မိသားစုဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၅ရက်က စက်ရုံသင်တန်းခန်းမ၌ ကျင်းပရာ သန်လျင်မင်းကျောင်းစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံ စက်ရုံမှူးဦးဖေသက်ညွန့်က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

(ခရိုင် ပြန်/ဆက်)

# အုတ်တွင်းမြို့ သံဘိုကျေးရွာလမ်းဘေး၌ အရိပ်ရပင်များစိုက်ပျိုး

အုတ်တွင်း ဩဂုတ် ၃

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် လူထုလှုပ်ရှားမှု မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၂၈ရက် နံနက်ပိုင်းက အုတ်တွင်းမြို့နယ် သံဘိုကျေးရွာ လမ်းဘေးဝဲယာတွင် ကျင်းပရာ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ အုတ်တွင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူးနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

### အမှတ်တရ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကိုကိုဝင်း**(ယာပုံ)**နှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်အောင်တို့က မဟော်ဂနီပင်နှင့် ပိတောက်ပင်တို့ကို အမှတ်တရစိုက်ပျိုးပေးကြသည်။

### စိုက်ပျိုးခဲ့

ထို့နောက် မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်ဇေယျနှင့် သစ်တောဦးစီးဌာနဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် သံဘိုကျေးရွာအုပ်စုမှ ပြည်သူများက အရိပ်ရသစ်ပင်၁၂၅၀ကျော် စိုက်ပျိုးကြသည်။ အလားတူ ဇူလိုင် ၁၄ရက်က အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအုပ်စုတွင် လူထုလှုပ်ရှားမှုအဖြစ် သစ်ပင် ၂၄၅၀စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(၁၁၆)**



**ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ၂၀၀၇-၂၀၀၈ခုနှစ် မိုးစပါးဆင်းရွှေလီအထွက်တိုး စပါးစိုက်နည်းစနစ်မှန် သရုပ်ပြပွဲကို ဩဂုတ် ၂ရက်က စံဖိတ် ကျေးရွာကွင်းအမှတ် (၁၃၈)လယ်သမား ဦးစိုင်းအောင်ထွန်း၏ လယ်မြေ၌ ကျင်းပရာ လယ်သမားများနှင့် ကောက်စိုက်ပျိုဖြူများကို ခရိုင်ဥက္ကဋ္ဌဦးဘဝင်းက တစ်ဧကတင်း၂၅၀ နှုန်းထွက်ရှိရန် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ ရှင်းလင်းပြောကြားစဉ်။**

(မြို့နယ် ပြန်/ဆက်)



# ရွှေတောင်မြို့နယ် ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်

ရွှေတောင် ဩဂုတ် ၁

ရွှေတောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၂၅ရက်ညနေက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

### ပြိုင်ပွဲဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးရာ ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး ကွင်းအတွင်းမှ စစ်ကြောင်း ပုံစံဖြင့် အသင်းလိုက် ပြန်လည်ထွက်ခွာကြသည်။

### ပါဝင်ယှဉ်ပြိုင်

ထို့နောက် ပြိုင်ပွဲတွင် မီးလောင်း(က) ဘောလုံးအသင်းနှင့် ကျွန်းကလေး ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မီးလောင်း(က)ဘောလုံးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

အဆိုပါပြိုင်ပွဲသို့ စုစုပေါင်း ပြိုင်ပွဲဝင်အသင်းပေါင်း ၄၅သင်းပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၁၁ ရက်က အဖွဲ့ပိုင် ဆိပ်ကမ်းသာဈေး အတွင်း အပြင်တွင်ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဒုတိယဦးစီးမှူး(ဈေး) ဦးညွန့်ဝင်းကြီးကြပ်၍ ဈေးဝန်ထမ်းများဖြင့် ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)



**မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်မင်းထွန်းတို့ ဇူလိုင်၁၅ရက်က နည်းပညာတက္ကသိုလ်သွားလမ်းတွင် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးလှမျိုးဇော်က ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



# ဗန်းမော်မြို့၌ စာဖတ်ဝိုင်းကျင်းပ

ဗန်းမော် ဩဂုတ် ၃

စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီက ဝန်ထမ်းများ စာဖတ်ဝိုင်း ကျင်းပသည်။

စာဖတ်ဝိုင်းတွင် မြို့နယ်ဦးစီးမှူးက စာဖတ်ဝိုင်းကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး ဓာတ်ပုံကျွမ်းကျင်(၂) ဦးကျော်ထူးက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များကို လည်းကောင်း၊ စာထောက်(၃)ဒေါ်မေသူဟန်က ဒို့ကျေးရွာဂျာနယ် အတွဲ(၄) အမှတ်(၂)စာရေးဆရာစိုးထက်ကျော်၏ စာကြည့်တိုက်မှူးကောင်း ဆောင်းပါးကိုလည်းကောင်း၊ ရုပ်သံကျွမ်းကျင်(၃) ဦးအောင်တင်က ဧပြီ ၂ ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ဆင်ဖြူကျွန်းမြင့်သိန်း၏ ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့ ဆောင်းပါးကိုလည်းကောင်း၊ ရုံးအကူဒေါ်မြညွန့်က ချစ်နိုင် (စိတ် ပညာ)၏ အောင်မြင်မှုနှင့် ပျော်ရွှင်ခြင်း စာအုပ်မှ စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးဆောင်းပါးကို လည်းကောင်း ဖတ်ကြားကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြန်မာ့အသံ နားဆင်စရာ

**၁၃၆၉ ခုနှစ်**
**ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်**
**၁၀-၈-၂၀၀၇**
**(သောကြာနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋ္ဌာနာဋိယသုတ်)

**နေ့လယ်ပိုင်း**

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (မြန်မာ့ရိုးရာအစားအစာ)
၁၁း၃၅ သုတကမ္ဘာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (သွေးတိုးရောဂါကာကွယ်ပါ)
၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ (သံယောဇဉ်တစ်ခုရယ်ကြောင့်)

**ညနေပိုင်း**

၁၆း၁၀ ရာသီခါမိတေးပန်းချီ
(၁) မိအေးကြိုက်တဲ့သပြေညို (ဖြူဖြူစံ)
(၂) ပြိုရင်ပြို ညိုပါနဲ့မိုး (ကျောက်ပန်းတောင်းကျော်လွင်)
(၃) မိုးပန်းပုလဲ (မစိမ်းစိမ်း)
၁၇း၃၀ မေတို့ရေးရာသိမှတ်စရာ (အလှအပနှင့် စိတ်ဓာတ်အင်အား-မေလေး)
၁၇း၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ခြံထွက်ကို အမြန်ချက်စို့)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ဇရာကိုတိုက်ဖျက်ရန် အဆန်ခရီး-မောင်ဆုရှင်)
၁၉း၁၅ နှောင်းခေတ်ကြေးမုံဇာတ်လမ်းစုံ (ဦးကံကောင်းနှင့် သမီးများ)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) လမင်းရက်ဆက် သာစေချင် (ဟသ်ာတအောင်တင်ဝင်း)
(၂) အမေ့အိမ် (ခင်နှင်းသက်)
(၃) မရောက်တာကြာပြီ (စိန်မောင်မြင့်)

# အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကျင်းပ

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိမြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၈

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၇)၌ကျင်းပရာ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻






အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)တွင် ဆေးဝါးကုသမှု ခံယူနေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား ကြည့်ရှုအားပေးစကား ပြောကြားပြီး အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

# အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ဆေးဝါးကုသမှုခံယူနေကြသော ညီလာခံကိုယ်စားလှယ်များအား ထောက်ပံ့ငွေများပေးအပ်



ရန်ကုန် ဩဂုတ် ၈

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်သည် စီမံခန့်ခွဲမှုကော်မတီဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဆေးဝါးကုသမှုခံယူနေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ကျန်းမာရေးထောက်ပံ့ငွေများကို ပေးအပ်သည်။

စာမျက်နှာ ၄ ကော်လံ ၅ ■

## မင်းဘူး၊ မကွေးနှင့် ဟသ်ာတမြို့များ စိုးရိမ်ရေမှတ်ကျော်လွန်

နေပြည်တော် ဩဂုတ် ၈

**ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ မင်းဘူးမြို့တွင် ၁၇၉၄ စင်တီမီတာ၊ မကွေးမြို့တွင် ၁၇၈၂ စင်တီမီတာနှင့် ဟသ်ာတမြို့တွင် စင်တီမီတာ ၁၄၆၀ သို့ အသီးသီးရောက်ရှိနေကြပြီး စိုးရိမ်ရေမှတ်အထက်၌ မင်းဘူးမြို့တွင် ၉၄ စင်တီမီတာ၊ မကွေးမြို့တွင် ၈၂ စင်တီမီတာနှင့် ဟသ်ာတမြို့တွင် ၁၁၈ စင်တီမီတာ ကျော်လွန်နေကြသည်။**

စာမျက်နှာ ၄ ကော်လံ ၃ ❒

**မြန်မာ့အလင်း ဆောင်းပါး အညွှန်း**

**နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် တဖြည်းဖြည်းချင်း ကျဉ်းမြောင်းပပျောက်သွားစေပြီး ဒေသများအားလုံး သဟဇာတဖြစ်စွာ ဟန်ချက်ညီညီ ပေါင်းစည်းဆက်စပ် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နယ်မြေဒေသတစ်ခုချင်းအလိုက် ဒေသလိုအပ်ချက်နှင့်အညီ ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ပေးနိုင်စေမည့် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ တည်ဆောက်ပေးလျက်ရှိရာတွင် ပညာရေး အခြေခံကောင်း၊ ပတ်ဝန်းကျင်ကောင်းများ ဒေသအသီးသီးတွင် ဖြန့်ကြက် ဖြစ်ထွန်းလာစေရေအောင် သီးသီးသန့်သန့် အာရုံစိုက် ဆောင်ရွက်ပေးလျက်ရှိ။**



ရတနာစည်ဆရာတော် ( လှိုင်လင် )၏ ဆောင်းပါး (စာ ၈-၉)တွင် ဖတ်ရှုနိုင်ပါသည်။